# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၈၇)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၅–၂–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများ မည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်

## နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည်၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်အောင် ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် နောင်ပိုး၊ ကျိုင်းခမ်းနှင့် မိုင်းပျဉ်းတပ်နယ်တို့ရှိ နယ်မြေခံတပ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်ရင်းရုံးများ၌ တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်တည်ဆောင်ရေး လုပ်ငန်းကြီး (၄)ရပ်ဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက သိရှိလိုသည်များမေးမြန်း၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နောင်ပိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာခိုင်နှုန်း ၈၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာခိုင်နှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာခိုင်နှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး နေ့စဉ်

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိ

ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ၂၀၂၆ ခုနှစ်ကို ပြဋ္ဌာန်းပြင်ဆင်ခဲ့ပြီးဖြစ်သည့်အတွက် ဥပဒေပြင်ဆင်ချက်တွင်ပါရှိသည့် လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးစီးဌာနအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ အီလက်ထရွန်နစ်အငွေ့ရှူစက်ဖြစ်သည့် အီလက်ထရွန်နစ် စီးကရက်၊ ယင်းအီလက်ထရွန်နစ် စီးကရက်ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ဆက်စပ်ပစ္စည်းများကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ(၉)အရ အရေးကြီးကုန်စည်အဖြစ်သတ်မှတ်၍ တားမြစ်မိန့်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ တားမြစ်မိန့်နှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ သက်ခိုင်ဝင်းက ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာန ၂၀၃၀ ပြည့်နှစ်တွင် ရည်မှန်းချက်ပြည့်မီရမည့် ကျန်းမာရေးအညွှန်းကိန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

၂၀၃၀ ပြည့်နှစ်တွင် ရည်မှန်းချက်ပြည့်မီရမည့် ကျန်းမာရေးအညွှန်းကိန်းများနှင့်စပ်လျဉ်း၍ လက်ရှိမြန်မာနိုင်ငံတွင် ပြည့်မီရမည့် အညွှန်းကိန်းများအတွက် လုပ်ငန်းကဏ္ဍအလိုက် စီမံဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ၂၀၃၀ ပြည့်နှစ်တွင်ရောက်ရှိမည့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals)အနက်မှ ကျန်းမာရေးနှင့်သက်ဆိုင်သည့် SDG များကို ပြည့်မီအောင်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူလူထု၏ မျှော်မှန်းလူ့သက်တမ်းတိုးမြင့်လာစေရေး လာမည့် ငါးနှစ်တာကာလသည် အရေးကြီးသည့်အတွက် နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်၍ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ပုံမှန်စောင့်ကြည့်ကြီးကြပ် ဆန်းစစ်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များအား ဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အတိုင်းအတာတစ်ခုအထိ ထိထိရောက်ရောက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရရှိထားသော အညွှန်းကိန်းရလဒ်များနှင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရမည့် အညွှန်းကိန်းများအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြဆွေးနွေးကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဓိကရည်မှန်းချက်ဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းလိုအပ်ချက်များတွင် လူတိုင်းလက်လှမ်းမီရရှိစေရေးနှင့် ပြည်သူလူထုမှ ကျန်းမာရေးအတွက် ကိုယ်တိုင်စိုက်ထုတ် ကျခံသုံးစွဲရသည့် ငွေကြေးကုန်ကျမှုလျှော့နည်းစေရေး ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ ၁၂၅ လမ်း၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားနှင့် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇ လမ်းနှင့် ၇၈လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ ရွာလယ်လမ်းမကြီးတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၁၁၀ လမ်း၊ ၄၅ လမ်းနှင့် ၄၆ လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃ လမ်းထောင့်တို့တွင် ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ



## တစ်အိမ်တက်ဆင်း မီးစစ်ဆေး


**မန္တလေး ဖေဖော်ဝါရီ ၂၄**

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်ဖြင့် ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်း ကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မဟာအောင်မြေခရိုင် မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးနှင့်သန္နေတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့်ရာအိမ်မှူးများ သီရိဟေမာအနောက် အရန်မီးသတ်စခန်း တာဝန်ခံဒုတပ်ခွဲမှူး ဦးသိန်းဦးနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ သီရိဟေမာအနောက်ရပ်ကွက်၊ ၂၆ လမ်းနှင့် လမ်း၃၀ကြား၊ အောက်ကမ်းနားလမ်းရှိ အကွက် ၂၂၅ နှင့် ၂၂၆ တို့တွင် ရပ်ကွက်အတွင်း မီးလောင်မှု မီးလန့်မှုများမဖြစ်ပွားစေရန်အတွက် မီးသုံးစွဲမှုများစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ မီးဘေးကာကွယ်ရေးအတွက် မီးဖိုမီး၊ ဂက်စ်မီးသုံးစွဲမှုများ၊ လျှပ်စစ်ဝါယာကြိုးများ ကောင်းမွန်မှုရှိ၊ မရှိတို့ကို တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတိပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီးသတ်ဦးစီးဌာန၏ အရေးပေါ်ဖုန်းနံပါတ်များ လိုက်လံကပ်ခြင်း၊ 191 Report Application အား ပြည်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးခြင်း၊ အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ မီးစစ်ဆေးရာတွင် အိမ်ခြေ ၁၂၀ လုံး၊ အိမ်ထောင်စု ၁၅၀ စုအား စစ်ဆေးခဲ့ကြကြောင်း သိရသည်။

(ဓဲပုံ)

(ဝ၄၁)



ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၈ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ သမဝါယမအသင်း ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(တ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(တ) **ဝန်ကြီး**ဆိုသည်မှာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်၊"

၃။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ည) အသင်းသည် အသင်းသား၊ အသင်းဝင်နှင့် အကျိုးတူစီးပွားဖက်လုပ်ကိုင်သူ၏ အကျိုးစီးပွားအတွက် အချင်းချင်းလုပ်အား၊ ပစ္စည်း၊ ငွေကြေး သို့မဟုတ် နည်းပညာတို့ ပူးပေါင်း၍ အများ၏ဆန္ဒဖြင့် စီမံခန့်ခွဲပြီး သတ်မှတ်ချက်များနှင့်အညီ စုပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်စေရန်။"

၄။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(ဃ)၊ (င)နှင့် (စ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) အသင်းစည်းကမ်းတွင် အမှုဆောင်၊ စာရင်းစစ် သို့မဟုတ် ကိုယ်စားလှယ်၏သက်တမ်းသည် တစ်ကြိမ်လျှင် ငါးနှစ်ဖြစ်ကြောင်း ဖော်ပြရမည့်အပြင် အသင်းသားဦးရေ ၁၅ ဦးအောက်ရှိသည့် အခြေခံသမဝါယမအသင်းမှအပ အများဆုံး နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမရှိစေရန်နှင့် အမှုဆောင်၊ စာရင်းစစ် သို့မဟုတ် ကိုယ်စားလှယ်နေရာလစ်လပ်ပါက ရွေးချယ်ခန့်ထားခြင်းဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဖော်ပြရမည်၊

(င) အသင်းစည်းကမ်းတွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် အမှုဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခံပိုင်ခွင့်ရှိကြောင်း ထည့်သွင်းဖော်ပြရမည် -

(၁) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ၊
(၂) အသင်းလုပ်ငန်းများအတွက် အချိန်ပေးနိုင်ပြီး စီးပွားရေးအမြင်နှင့် အတွေ့အကြုံရှိသူ၊
(၃) အသင်းသားသက်တမ်း အနည်းဆုံးတစ်နှစ်ရှိပြီး အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ အနည်းဆုံးတစ်ကြိမ်တက်ရောက်ဖူးသူ၊
(၄) အကျင့်စာရိတ္တကောင်းမွန်သူ၊
(၅) ကျန်းမာရေးကောင်းမွန်ပြီး အသက် ၇၀ နှစ် မပြည့်သေးသောသူ၊
(၆) သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားမှုရှိသူ၊
(၇) တည်ဆဲဥပဒေနှင့် အသင်းစည်းကမ်းကို လိုက်နာသူ။

(စ) အသင်းစည်းကမ်းတွင် အသင်းသားသည် အသင်းနှင့်ကင်းကွာခြင်းမရှိစေရန် လိုအပ်သော စည်းကမ်းချက်များကို ထည့်သွင်းဖော်ပြရမည်။"

၅။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)၏ ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) ပုဒ်မ ၁၁ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)အရ အကျိုးခံစားခွင့်ဆက်ခံစေလိုသူကို သတ်မှတ်ခြင်းမရှိဘဲ အသင်းသားသေဆုံးလျှင်ဖြစ်စေ၊ အကြိုအသင်းသားသေဆုံးလျှင်ဖြစ်စေ ယင်း၏အကျိုးခံစားခွင့်နှင့် ကြွေးမြီအားလုံး၏ပေးရန် သို့မဟုတ် ရရန်ရှိသည်တို့ကို အောက်ပါအစီအစဉ်အတိုင်း အသင်းက လွှဲပြောင်းပေးရမည်-"

၆။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ(စ)နှင့် (ဇ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(စ) အသင်းသည် ပစ္စည်းစာရင်း၊ ငွေစာရင်း၊ အခြားစာရင်းဇယားနှင့် မှတ်တမ်းတို့ကို ပြုစုထိန်းသိမ်းထားရှိပြီး စာရင်းဇယားနှင့် အစီရင်ခံစာတို့ကို ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီပေးပို့ခြင်း၊

(ဇ) အစိုးရဘဏ်ချေးငွေ သို့မဟုတ် နိုင်ငံတော်အထောက်အပံ့ရယူပြီး လုပ်ငန်းဆောင်ရွက်သော အသင်းဖြစ်ပါက ဦးစီးဌာန၏စာရင်းစစ်ဆေးမှုအား ခံယူခြင်း။"

၇။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၁၈ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏အကူအညီနှင့် အထောက်အပံ့ကို ရယူခွင့်ရှိခြင်း။"

၈။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၂ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"အသင်းသည် ဘဏ္ဍာရေးနှစ်အလိုက် အသားတင်အမြတ်၏ ငါးဆယ်ရာခိုင်နှုန်းကို အောက်ပါရန်ပုံငွေများအတွက် သင့်လျော်သလို ခွဲဝေထားရှိရမည်-"

၉။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ)၏ နောက်တွင် ပုဒ်မခွဲ (ဂ)၊ (ဃ)နှင့် (င) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ကြွေးဆုံးလျာထားငွေ၊
(ဃ) အာမခံကြွေးလျာထားငွေ၊
(င) အမှုဆောင်နှင့် အသင်းဝန်ထမ်းတို့အတွက် လစာနှင့်စရိတ်လျာထားငွေ။"

၁၀။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၂၄ တွင် -

(က) ခြေဆင်းကိုအောက်ပါအတိုင်း အစားထိုးရမည် -

"အသင်းသည် ဘဏ္ဍာရေးနှစ်အလိုက် အသားတင်အမြတ်၏ ကျန်ငါးဆယ်ရာခိုင်နှုန်းအား အောက်ပါခွဲဝေငွေများအတွက် သင့်လျော်သလို သတ်မှတ်ပေးရမည် -"

(ခ) ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ရမည်။
(ဂ) ပုဒ်မခွဲ(ဃ)ကို ပုဒ်မခွဲ(ဂ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၁၁။ သမဝါယမအသင်းဥပဒေ အခန်း(၉)၏နောက်တွင် အခန်း(၉-က)နှင့် အခန်း(၉-ခ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၉-က)**
**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၃၄ - က။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော အသင်း၊ အသင်းသား သို့မဟုတ် အသင်းဝင်အား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊
(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊
(ဂ) အသင်းသား၊ အသင်းဝင်အဖြစ်မှ ထုတ်ပယ်ခြင်း၊
(ဃ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊
(င) မှတ်ပုံတင်ပယ်ဖျက်ခြင်း။

၃၄ - ခ။ ပုဒ်မ ၃၄-က အရ ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသော အသင်း၊ အသင်းသား သို့မဟုတ် အသင်းဝင်သည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးထံ အယူခံတင်သွင်းခွင့်ရှိသည်။

၃၄ - ဂ။ ဝန်ကြီးသည် ပုဒ်မ ၃၄-က အရ ချမှတ်သော ညွှန်ကြားရေးမှူးချုပ်၏အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီး၏အမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း(၉-ခ)**
**ပြစ်မှုနှင့် ပြစ်ဒဏ်**

၃၄-ဃ။ မည်သူမဆို အသင်းကိုဖြစ်စေ၊ အမှုဆောင်အဖွဲ့ သို့မဟုတ် အမှုဆောင်တစ်ဦးဦးကိုဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုဖြစ်စေ မမှန်မကန်တိုင်ကြားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၄-င။ အသင်းသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်ဖြစ်စေ၊ အသင်းအချင်းချင်းဖြစ်စေ၊ ပုဂ္ဂလိကနှင့်ဖြစ်စေ ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး ငွေကြေး သို့မဟုတ် ပစ္စည်းကို အလွဲသုံးစားပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းအသင်း၏ အမှုဆောင်အသီးသီးကို ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၄-စ။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် စည်းရုံးခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုတစ်ခုခုကိုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။"

၁၂။ သမဝါယမအသင်းဥပဒေပုဒ်မ ၃၅ တွင်ပါရှိသော "မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေ" ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ သမဝါယမအသင်းဥပဒေပုဒ်မ ၃၆ ၏ နောက်တွင် ပုဒ်မ ၃၆ - က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၆ - က။ အသက် ၆၂ နှစ်ပြည့်ပြီးသော အသင်းဝန်ထမ်းအား တာဝန်မှ အနားယူခွင့်ပြုရမည်။"

၁၄။ သမဝါယမအသင်းဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည်လိုအပ်သောနည်းဥပဒေများ၊စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျိုင်းခမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

တွေ့ဆုံပွဲများတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဆောင်ရွက်ပြီး နိုင်ငံတော်၏အာဏာကို အမွေရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့် ပါတီအား နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

စတင် တာဝန်ယူခဲ့ရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင် အကြမ်းဖက်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များအနေဖြင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေး တိမ်းရှောင်လာကြသည့် လူငယ်များ၊ နိုင်ငံ့ဝန်ထမ်းအချို့တို့အား လူသားချင်းစာနာထောက်ထားမှု အကြောင်းအရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများရယူကာ အကြမ်းဖက် သင်တန်းများ သင်ကြားပို့ချ၍ လက်နက်များ တပ်ဆင်ပေးကာ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်စေရန် မြှောက်ပင့်ပေးမှု၊ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုး လှုံ့ဆော်မှုများကြောင့် တရားမဝင် ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့ အပါအဝင် အကြမ်းဖက်အဖွဲ့များ အမျိုးမျိုး ပေါ်ပေါက်လာခဲ့ပြီး အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည့်အတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုများနှင့် အတူတကွ ပူးပေါင်း၍ တရားဥပဒေနှင့်အညီ နှိမ်နင်းလျက်ရှိကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်း၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခြင်းနှင့် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းနှင့် အခြားစိန်ခေါ်မှုများကိုလည်း အခက်အခဲများကြားမှ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တက်ကြွစွာ စည်းကမ်းတကျလာရောက်၍ မဲရုံများတွင် ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း။

ဆန္ဒမဲပေးရာတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် စနစ်တကျ မဲပေးခြင်းများကို နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ကျိုင်းခမ်းတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော် အကြီးအကဲအနေဖြင့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများပါဝင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ လွှတ်တော်နိုင်ငံရေးစင်မြင့်တွင် ပါဝင်လာနိုင်စေရန် FPTP စနစ်၊ PR စနစ်တို့ကို ကျင့်သုံးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များနှင့် ပါတီငယ်များမှ ကိုယ်စားလှယ်များ ပိုမိုပါဝင်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၁၆ ရက်တွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်နှင့် မတ် ၁၈ ရက်တွင် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးများ ကျင်းပရန် ဆောင်ရွက်လျက်ရှိပြီး ဧပြီလဆန်းပိုင်းတွင် သမ္မတရွေးချယ်တင်မြှောက်၍ အစိုးရသစ်တစ်ရပ် ဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန်ကို ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံရေး အစိုးရများမည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး အကြီးအကဲများက ကြိုးပမ်းဆောင်ရွက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့ တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများ ဖြစ်အောင် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာ ဆောင်ရွက်သွားကြရန် လိုကြောင်း။

တစ်ဦးချင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လှေခွက်ကြီးကျန် အလံမလဲသည့် စိတ်ဓာတ်တို့ဖြင့် သင်ယူထားသော စစ်ပညာများကို ကြံ့ရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန် လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန် လိုအပ်ကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့ အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသော တပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

- ❖ တစ်ဦးချင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လှေခွက်ကြီးကျန် အလံမလဲသည့် စိတ်ဓာတ်တို့ဖြင့် သင်ယူထားသော စစ်ပညာများကို ကြံ့ရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန်လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန်လိုအပ်
- ❖ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်း

# တိုက်ပွဲစွမ်းရည်တိုးတက်မှုရှိစေရေး စစ်သင်တန်းကျောင်းများတွင် စစ်ပညာရပ်များကို ဗိုလ်လောင်းဘဝ၊ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး စသဖြင့် အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးလျက်ရှိ






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူး သင်တန်းသားများနှင့် ဗိုလ်လောင်းများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ အောင်ဆန်းခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် တပ်မတော်သားအားလုံး တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအား တိုးမြှင့်ရန် လိုအပ်မှုအခြေအနေများ၊ တိုက်ပွဲစွမ်းရည်တိုးတက်မှုရှိစေရေး စစ်သင်တန်းကျောင်းများတွင် စစ်ပညာရပ်များကို ဗိုလ်လောင်းဘဝ၊ တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး စသဖြင့် အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကြိုးစား၍ လေ့လာ၊ လေ့ကျင့်ရန်နှင့် စစ်မြေပြင်တွင် လိုက်နာ အကောင်အထည်ဖော်ရန် လိုအပ်မှုအခြေအနေများ။

ရန်သူ ကျင့်သုံးနေသည့် စစ်နည်းဗျူဟာများကို သင်ခန်းစာဖော်ထုတ်၍ တန်ပြန်စစ်ဆင်ရေး ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများ၊ တစ်ဦးချင်းကိုယ်စီ တိုက်ပွဲစွမ်းရည် တိုးတက်မှသာ အဖွဲ့လိုက်မှစ၍ အဆင့်ဆင့် တိုးတက်လာမည့် အခြေအနေများ၊ တစ်ဦးချင်းပြင်းပြင်းထန်ထန် လေ့ကျင့်ရေးမှစ၍ စစ်မြေပြင်တွင် တိကျစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ ရရှိလာမည့် တိုက်ပွဲစွမ်းရည်များ ပိုမိုထိရောက် အောင်မြင်မှုရှိပြီး တိုက်ပွဲစွမ်းအားနှင့် ပေါင်းစပ်အသုံးပြုတတ်ရန် လိုအပ်မှုအခြေအနေများ၊ တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားကို ဟန်ချက်ညီ ပေါင်းစပ် ဆောင်ရွက်တတ်မှသာ တိုက်ပွဲအောင်မြင်မည့် အခြေအနေများ။

ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင်သွားကြရန်လိုအပ်သည့် အခြေအနေများ၊ သို့မှသာ ကိုယ်ကျန်းမာ စိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သည့် အခြေအနေများ၊ လေ့ကျင့် သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလည်း "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်သည့် အခြေအနေများ၊ ထိုသို့အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်မှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကို ယုံကြည်မှု ရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်းသတ္တိများဖြင့် အောင်ပွဲဆင်နိုင်မည်ဖြစ်သည့် အခြေအနေများ၊ ရဲစွမ်းသတ္တိသည် ပင်ကိုဗီဇပါသည့်သူ အနည်းငယ်သာရှိပြီး ကျန်းမာကြံ့ခိုင်မှု၊ စစ်နည်းဗျူဟာ ကျွမ်းကျင်မှုများဖြင့် မွေးမြူသွားကြရန် လိုအပ်သည့်အခြေအနေများ။

စစ်စည်းကမ်းနှင့် ပတ်သက်၍ တပ်မတော်သားများ၏ အသက်ခန္ဓာသည် စစ်စည်းကမ်းနှင့် အမိန့်နာခံမှုပင်ဖြစ်သဖြင့် စစ်စည်းကမ်းကို တိကျစွာလိုက်နာ၍ ပေးအပ်သော အမိန့်ကိုနာခံခြင်းဖြင့် ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည်ဖြစ်သည့် အခြေအနေများ၊ စည်းကမ်းလိုက်နာမှု၊ ကျွမ်းကျင်မှု၊ နေထိုင်ပြောဆိုမှုကို လိုက်၍ လက်အောက်၏ ယုံကြည်ကိုးစားမှု၊ လေးစားမှုကိုရရှိပြီး ခေါင်းဆောင်မှုကို ရရှိနိုင်မည်ဖြစ်သဖြင့် တပ်မတော်က ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ချက်ကို သိရှိလိုက်နာနေရန် လိုအပ်သည့်အခြေအနေများ၊ တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီ ပေးအပ်သည့် အမိန့်နှင့်တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကို အသုံးချ၍ ကျေပွန်စွာထမ်းဆောင်နိုင်ရန် လိုအပ်သည့် အခြေအနေများကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အခြေအနေများ၊ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ လေ့ကျင့်သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလည်း "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်

★ အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်မှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်း သတ္တိများဖြင့် အောင်ပွဲဆင်နိုင်မည်

☆ စာမျက်နှာ ၄ မှ

နေ့စဉ် ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန် အရေးကြီးပြီး ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင် သွားကြရန်လိုကြောင်း၊ သို့မှသာ ကိုယ်ကျန်းမာ စိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာ ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် နိုင်ငံတော်ကို ကာကွယ်ရန် တာဝန်ရှိသည့်အတွက် တရားသဖြင့် ပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထိုသို့တာဝန်ထမ်းဆောင်ရာတွင် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ် ပြည့်ဝနေရန် လိုအပ်ပြီး တပ်မတော်၏ အစဉ်အလာ ၁၂ ရပ်ကိုလည်း ထိန်းသိမ်းကာကွယ်သွားကြရန်လိုကြောင်း။

စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်ရန် ဦး၊ ရေး၊ ထောက် ပင်နီယံကို ဟန်ချက်ညီလည်ပတ်နိုင်အောင် ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်ရှိသောတပ်ကို တည်ဆောက်နိုင်ရန် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း။

တပ်မတော်သားများ၏ လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသော ရည်မှန်းချက် တာဝန်များကို ထမ်းဆောင်နေရသူများဖြစ်၍ အမြဲ ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ သစ္စာ(၄)ချက်ကို နေ့စဉ်ရွတ်ဆိုနေကြသူများဖြစ်သည့်အတွက် သစ္စာ(၄)ချက်အပေါ်တွင် သစ္စာစောင့်သိ၊ သစ္စာရှိရန်၊ မိမိနိုင်ငံအပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိသွားကြရန် လိုကြောင်းနှင့် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် တပ်နယ်များမှ ကျောင်းသား ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရေး တာဝန်ရှိသူများနှင့် မိဘများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ကြက်ဥများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအတူတကွ ချက်ပြုတ်စားသုံးနိုင်ရေးအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# အနာဂတ်စွမ်းအင်ကဏ္ဍအတွက် အရေးကြီးသည့် ကမ်းလွန်စီမံကိန်းအသစ်များကို သတ်မှတ်ချိန်အတိုင်း အကောင်အထည်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်



လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်၏ ပဉ္စမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် သမ္မတရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စု ဝန်ကြီး ဦးတင်အောင်စန်းက လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆက်လက် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ လက်ရှိမူဝါဒ၊ လမ်းညွှန်မှုများ အရ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် နိုင်ရန် ကော်မရှင်၏ ပဉ္စမအကြိမ် အစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ ကော်မရှင် စတင် ဖွဲ့စည်းချိန်မှ ယနေ့အထိ တစ်နှစ်နှင့် နှစ်လ ကာလအတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် လုပ်ငန်းများ အတိုင်းအတာ တစ်ခုအထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ ပါကြောင်း၊ ပြီးခဲ့သည့် ကော်မရှင် အစည်းအဝေးများတွင် နိုင်ငံတော် က ချမှတ်ပေးထားသည့် လုပ်ငန်း တာဝန် (၁၅) ရပ်ကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ကချမှတ် ပေးခဲ့သည့် မူဝါဒလမ်းညွှန်မှုများ ကိုအခြေခံ၍ နိုင်ငံတော်၏ဖွံ့ဖြိုး ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ရရှိနိုင်မည့် ခံစားခွင့် (Opportunities and incentives) များကို ရှင်းလင်းချပြပြီး နိုင်ငံ့စီးပွားရေးကဏ္ဍ အထောက် အကူပြုစေရေး ဆက်လက်ဆောင် ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် လျှပ်စစ် ဓာတ်အားလိုအပ်ချက် ပြည့်မီစေရေး ရနိုင်သည့်အရင်းအမြစ်များမှ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင် ရွက်ကြရမည် ဖြစ်ကြောင်း၊ ကော်မရှင်စတင်ဖွဲ့စည်းချိန်မှယနေ့ အထိ လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ်မှုအနေနှင့် နေရောင် ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံအသစ်များ ဖြစ်သည့် သာစည် ၄၀ မဂ္ဂါဝပ်ကို အမျိုးသား ဓာတ်အားကွန်ရက်နှင့် ချိတ်ဆက် ပို့လွှတ်နေပြီး သပြေဝ ၄၀ မဂ္ဂါဝပ် ကိုလည်း မတ်လဆန်းတွင် ထပ်မံ ချိတ်ဆက်ပို့လွှတ်နိုင်မည် ဖြစ် ကြောင်း၊ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်ခဲ့သည့် LNG စီမံကိန်း ၅၀၀ မဂ္ဂါဝပ်၏ ဓာတ်အားပေး စက်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စီးပွားဖြစ် ဓာတ်အား ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

ရေအားလျှပ်စစ်သည် သန့်ရှင်း သည့် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်ပြီး ထုတ်လုပ်မှု စရိတ်သက်သာသော ကြောင့် နိုင်ငံတော်အနာဂတ် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် ရေအားလျှပ်စစ် စီမံကိန်းကြီးများကို အကောင် အထည်ဖော်ရမည် ဖြစ်ကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ရာတွင်လည်း မိမိတို့နိုင်ငံ၏ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်၊ စံနှုန်း များအပြင် နိုင်ငံတကာ၌ ဆောင်ရွက်နေသည့် သတ်မှတ် ချက်အတိုင်း ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ကော်မရှင်အနေဖြင့် လည်း ရေမြေသဘာဝနှင့် လူမှု စီးပွားရေးလုပ်ငန်း ပိုမိုကောင်းမွန် စေရန်၊ အစဉ်အမြဲ သုံးစွဲနိုင်ရန်၊ ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုရန်၊ ရေကြောင်းသယ်ယူ ပို့ဆောင်ရေး ကောင်းမွန်စေရန်၊ ရေကြီးရေလျှံမှု ဘေးအန္တရာယ် လျှော့ချနိုင်ရန်နှင့် ပတ်ဝန်းကျင် အခြေပြု ခရီးသွားလုပ်ငန်းတစ်ခု ဖြစ်သည့် River Tourism လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရန် အခွင့် အလမ်းများ ဖော်ဆောင်ရန် တိုက်တွန်းလိုကြောင်း။

စွမ်းအင်ကဏ္ဍတွင် AI နည်း ပညာအသုံးပြုပြီး ပါးလွှာသဲကြော များမှ သဘာဝဓာတ်ငွေ့ တိုးမြှင့် ထုတ်လုပ်နိုင်ရေး Pilot Project လုပ်ငန်းများ စတင်ဆောင်ရွက် နေပြီဖြစ်ပါကြောင်း၊ ရေနံမြေ အဟောင်းများတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းပြီး တွင်းစားစနစ် (Well by Well Basic) နှင့် ဆောင်ရွက် မည့် လုပ်ငန်းများအတွက် လက်မှတ်ရေးထိုးပြီး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ရေဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့ နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ကွမ်းခြံကုန်း မြို့နယ်တို့တွင် 2 D Seismic လုပ်ငန်းများ ဆောင်ရွက်ပြီးခဲ့ပြီး တူးဖော် ထုတ်လုပ်ရေးအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက် ရှိကြောင်း၊ မုတ္တမကမ်းလွန် လုပ်ကွက် M – 10 (မင်းရဲသူစီမံကိန်း) အတွက် Production Sharing Contract ကို ချုပ်ဆိုပြီး ဖြစ်ပါကြောင်း၊ အမှတ်(၁) ရေနံ ချက်စက်ရုံ (သန်လျင်)၏ စက်ရုံ သစ် စီမံကိန်း Phase I ကိုလည်း မကြာမီ စတင် လည်ပတ်နိုင်မည် ဖြစ်၍ ၁၉၈၂ ခုနှစ်တွင် နောက်ဆုံး ဖွင့်လှစ်ခဲ့သည့် သံပရာကန်ရေနံ ချက်စက်ရုံပြီးနောက် ပထမဆုံး ဖွင့်လှစ်နိုင်သည့် ရေနံချက်စက်ရုံ ကြီးဖြစ်ကြောင်း၊ အနာဂတ် စွမ်းအင်ကဏ္ဍအတွက် အရေးကြီး သည့် ကမ်းလွန်စီမံကိန်းအသစ် များကို သတ်မှတ်ချိန်အတိုင်း အကောင်အထည်ဖော်ဆောင်နိုင် ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြား လိုပါ ကြောင်း၊ ယခု အစည်းအဝေးတွင် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက် မှုအခြေအနေများ ဖြေရှင်းဆောင် ရွက်ရန် လိုအပ်ချက်များရှိပါက အကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း နှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ (၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလွင်တို့က စတုတ္ထ အကြိမ် အစည်းအဝေးကာလ အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဆိုင်ရာတိုးတက်မှု၊ ဆောင်ရွက် ထားရှိမှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း/စီမံကိန်း များနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ကော်မရှင်အတွင်း ရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့က ကော်မရှင်အစည်းအဝေး (၄/၂၀၂၅) လျှပ်စစ်နှင့် စွမ်းအင် ကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ထားရှိမှုနှင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ အဖွဲ့များ၏ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြ သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသော ကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ က လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဆိုင်ရာ ဆောင်ရွက်မှုများအပေါ် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင် သော အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များအား ဆွေးနွေးတင်ပြ ကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် အစည်းအဝေးတက်ရောက်လာသူ များက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း/ စီမံကိန်းအခြေအနေ၊ အခက်အခဲများအပေါ် ဝိုင်းဝန်း ဆွေးနွေးကြသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင် ဥက္ကဋ္ဌကလျှပ်စစ်နှင့် စွမ်းအင်သည် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အဓိက မောင်းနှင်အား ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေးပန်းတိုင် (Sustainable Development Goal – SDG) သို့ ရောက်ရှိရန်အတွက် စွမ်းအင်ကို ဖူလုံပြည့်စုံစွာ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးပြီး/ ဖွံ့ဖြိုးဆဲ နိုင်ငံများအနေ နှင့် စွမ်းအင်ဖူလုံရန်နှင့် ရေရှည် အာမခံချက်ရှိရန်အတွက် နိုင်ငံ၏ စွမ်းအင်ဖူလုံရေးသည် ဦးစားပေး လုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင် အစရှိသည့် ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များ ကြွယ်ဝသည့် အတွက် နိုင်ငံ၏ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်း ရာတွင် ၎င်းစွမ်းအင်အရင်းအမြစ် များကို အလေအလွင့်မဖြစ်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ လုပ်ငန်းများသည် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ကြီးမားသည့် လုပ်ငန်းများဖြစ် သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ အတွက် နိုင်ငံတော်နှင့် ရင်းနှီး မြှုပ်နှံသူ နှစ်ဦးနှစ်ဖက်နစ်နာမှု မရှိစေမည့် ဥပဒေ၊မူဝါဒ၊ စည်းမျဉ်း စည်းကမ်းများ ချမှတ်ပေးရမည် ဖြစ်သကဲ့သို့၊ တိုးတက်လာသည့် နည်းပညာများနှင့် လိုက်ပါ အသုံးပြုနိုင်ရေးအတွက် အရည် အချင်းပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင် ပေးနိုင်ရန်လည်း အရေးကြီးပါ ကြောင်း၊သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးအနေနှင့်လည်း လျှပ်စစ် နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန်နှင့် ဆောင် ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက် ၍လုပ်ငန်းတိုးတက်မှု အခြေအနေ များ၊ အခက်အခဲနှင့် စိန်ခေါ်မှုများ ကို ဖြေရှင်းကျော်လွှားနိုင်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ပြီး စွမ်းအင်ဖူလုံမှုရရှိသည်အထိ ကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဇမ္ဗူသီရိမြို့နယ်၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဆင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော် လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ အသက် သုံးနှစ်မှ ငါးနှစ်အထိ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ အခြေခံသင်တန်း(၁/၂၀၂၆)သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ရင်သွေးရတနာမူလတန်းကြိုကျောင်း စုပေါင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ နေပြည်တော် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ နေပြည်တော် လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေက အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများပြုလုပ် ထားသည့် သင်ထောက်ကူ၊ လက်မှုများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းသို့ နေပြည်တော် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင် များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၃၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



## မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV suicide drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးကပါ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ အဖွဲ့အစည်းအသီးသီးမှလည်း ကန့်ကွက်ရှုတ်ချလျက်ရှိကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ်အထူးဒေသ(၁)၊ ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ် ဦးဆောင်ကော်မတီနှင့် ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီတို့ကလည်း ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း အောက်ပါအတိုင်း သဘောထားများအသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ်အထူးဒေသ(၁)၊ ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ် ဦးဆောင်ကော်မတီ သဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ATR-72-600 အမျိုးအစား ခရီးသည်တင် လေယာဉ်တစ်စင်းကို KIO / KIA လက်အောက်ရှိ PDF အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့မှ FPV Suicide Drone များအသုံးပြု၍ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်က လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များကို သေဆုံးစေရန် ရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ထိုသို့ တိုက်ခိုက်မှုကြောင့် ဗုံးစထိမှန်ပြီး လေယာဉ်အနည်းငယ် ထိခိုက်မိ၍ ခရီးစဉ်ရပ်နားခဲ့ရပါသည်။

၂။ ကံကောင်းထောက်မစွာ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ဤအကြမ်းဖက်အဖွဲ့၏လုပ်ရပ်သည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်သည့်အပြင် ကုန်ဈေးနှုန်းများပါ မြင့်တက်လာနိုင်ပါသည်။ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူသွားလာရေးနှင့် ကုန်သွယ်မှုအတွက် များစွာအထောက်အကူပြုသည့် လေဆိပ်ကို အကြမ်းဖက်အဖွဲ့မှ တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများအပေါ် ပြည်သူများက စက်ဆုပ်ရွံရှာစွာ ရှုတ်ချလျက်ရှိသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ် ဦးဆောင်ကော်မတီအနေဖြင့်လည်း အဆိုပါ ဆင်ခြင်တုံတရားကင်းမဲ့စွာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အား ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်ပါသည်။

ပုံ/

ဦးဆောင်ကော်မတီ

## ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

ရက်စွဲ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၂၃)ရက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက် ည ၈နာရီ ၁၂ မိနစ်အချိန်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ATR- 72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်ကို အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့မှ FPV Suicide Drone များ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူများသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် များစွာအထောက်အကူပြု အသုံးပြုလျက်ရှိသော အရပ်ဘက်လေကြောင်းလိုင်းအား ဤကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုအား မိမိတို့ ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါသည်။

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ

## "ထက်" ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-5 နှင့် Grade-9 ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုခွင့်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဖေဖော်ဝါရီ ၂၃ ရက်က စတင်ကျင်းပသော နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်း Grade-5 နှင့် Grade-9 စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ နန်းတော်ရာရပ်ရှိ "ထက်" ကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက်ရောက်လျက်ရှိသည့် Grade-5 ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် Grade-9 ကျောင်းသား ကျောင်းသူ ၈၉ ဦး စုစုပေါင်း ၁၆၁ ဦးတို့သည် ဖြေဆိုခွင့်ကတ်ပြားများ လက်ဝယ်ရှိသော်လည်း စာစစ်ဌာနသို့ သွားရောက်ဖြေဆိုရာတွင် ဖြေဆိုခွင့်မရရှိခဲ့သော ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

"ထက်" ကိုယ်ပိုင်အထက်တန်းကျောင်းသည် ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ ဌ နှင့် ပုဒ်မခွဲ ဍ တွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ ပိတ်သိမ်းရန် ဆုံးဖြတ်ထားသည့်ကျောင်းဖြစ်သည်။

ဖြစ်စဉ်အမှန်မှာ "ထက်" ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အမှန်တကယ်တက်ရောက်ပြီး စာရင်းသွင်းထားသော ကျောင်းသား ကျောင်းသူများ မနစ်နာစေရန် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နှစ်ကုန်အထိ ခွင့်ပြုခဲ့ပြီး အခန်းဆုံးတတ်မြောက်မှု စစ်ဆေးခြင်း(၂)ကြိမ်၊ နှစ်ဝက်ဆုံး တတ်မြောက်မှု စစ်ဆေးခြင်း(၁)ကြိမ် ဖြေဆိုခဲ့သော Grade-5 ကျောင်းသား ကျောင်းသူ ၄၀ နှင့် Grade-9 ကျောင်းသား ကျောင်းသူ ၄၀ စုစုပေါင်း ၈၀ တို့ကိုသာ ယခုကျင်းပလျက်ရှိသော နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းအား ဖြေဆိုခွင့်ပြုခဲ့သည်။

ယခုဖြစ်စဉ်တွင် ပါဝင်သော Grade-5 ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် Grade-9 ကျောင်းသား ကျောင်းသူ ၈၉ ဦး စုစုပေါင်း ၁၆၁ ဦးတို့သည် ကျောင်းအပ်နှံစာရင်းတွင် ပါဝင်မှု မရှိခြင်း၊ ၎င်းကျောင်းမှ လစဉ်(ဇွန်လမှ ဖေဖော်ဝါရီလထိ) တင်ပြခဲ့သော ကျောင်းသားလချုပ်စာရင်းတွင်ပါဝင်မှုမရှိခြင်း၊ နှစ်ဆုံးစာမေးပွဲဖြေဆိုသူစာရင်း(သွင်းစာရင်း)တွင် ပါဝင်မှုမရှိခြင်း၊ ၎င်းကျောင်းသို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးချိန်တွင်လည်း ဖော်ပြပါ ကျောင်းသားများသည် အမှန်တကယ် ကျောင်းတက်ရောက်မှုမရှိခြင်း၊ အခန်းဆုံးနှင့် နှစ်ဝက်ဆုံး တတ်မြောက်မှုစစ်ဆေးခြင်း (၃)ကြိမ် ဖြေဆိုထားသည့် အထောက်အထားများ မရှိသည့်အတွက် မူဝါဒအရ စာမေးပွဲဖြေဆိုခွင့်မရရှိခြင်းကို သိရှိသော်လည်း ဖြေဆိုခွင့်ကတ်ပြားများ ရယူခဲ့ခြင်းဖြစ်သည်။

ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော ကျောင်းသားများအား စစ်ကိုင်းခရိုင်ပညာရေးမှူးသည် ဖြေဆိုခွင့်ကတ်ပြားများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ပေးခဲ့သည့်အတွက် ယခုကဲ့သို့ဖြစ်ပွားခဲ့ခြင်းအပေါ် ၎င်းခရိုင်ပညာရေးမှူးအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

❑ စာမျက်နှာ ၂၄ မှ

ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

မြင်းမဒါန်းတောင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အမြဲစိမ်းတောနှင့် ရွက်ပြတ် ရောနှောတောအမျိုးအစားဖြစ်သည့် ပျဉ်းကတိုး၊ သင်္ကန်း၊ ကညင်၊ ကညောင်း၊ စံကားဝါ၊ သင်္ဂူ၊ တောင်ပိန္နဲ၊ တောင်သရက်၊ သပြေ၊ ကြက်ရိုး၊ မျောက်ငို၊ ဘင်္ဂ၊ စစ် စသည့် ဒေသသစ်မျိုးများနှင့် ကရင်ဝါး၊ မဒေးဝါး၊ တရုတ်ဝါး များအပြင် နဘက်ကြိမ်၊ ကြက်ဥကြိမ်များအား ထိန်းသိမ်းပြုစု နိုင်မည်ဖြစ်ခြင်း၊ ပြောင်၊ ဆတ်၊ ချေ၊ တောင်ဆိတ်၊ တောဝက်၊ ဝက်ဝံ၊ ကျားသစ်၊ တောကြောင်၊ စပါးကြီးမြွေ၊ မျောက်၊ မျောက်လွှဲ ကျော်၊ ကုန်းလိပ်၊ ရခိုင်တောင်လိပ်စသည့် ရှားပါးတောရိုင်း တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာတိုက်စားမှုလျော့နည်းစေခြင်းနှင့် မြေအောက်ရေထိန်းသိမ်းရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေခြင်း၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်စေနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုပိုမိုတိုးတက်ကောင်းမွန်မျှတ လာနိုင်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

ဝ-ဝ-ဝ-ဝ-ဝ



မြင်းမဒါန်းတောင် ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၃၄ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၀၁ ဦး၊ နမီးဘီးယားနိုင်ငံသားခြောက်ဦး၊ သီရိလင်္ကာနိုင်ငံသားငါးဦး၊ ကင်ညာနိုင်ငံသားလေးဦး၊ အိန္ဒိယနိုင်ငံသားလေးဦး၊ တောင်အာဖရိကနိုင်ငံသားလေးဦး၊ ဇင်ဘာဘွေနိုင်ငံသားသုံးဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားသုံးဦး၊ မလေးရှားနိုင်ငံသားနှစ်ဦး၊ ဘီနင်နိုင်ငံသားတစ်ဦးနှင့် ဘူရွန်ဒီနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၄ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Minister Counsellor Mr. Mohamad Arif Sulaksono နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Counsellor Ms. Jarin Sijaya Abdul Hathi နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ နမီးဘီးယားနိုင်ငံသံရုံးမှ Second Secretary Ms. Laina S Mundilo နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Deepak Pathak နှင့် တာဝန်ရှိသူများ၊ သီရိလင်္ကာနိုင်ငံ၊ ကင်ညာနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ ဇင်ဘာဘွေနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ဘီနင်နိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကိုးပင်ကျေးရွာအုပ်စု၊ ကိုးပင်ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများအား သစ်ရွက်ခြောက်များ၊ အမှိုက်များအား မီးရှို့မှုမဖြစ်စေရေးနှင့် Fire Hotspot မဖြစ်စေရေး ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးဦးဝေဖြိုးအောင်နှင့် ဌာနဆိုင်ရာများပူးပေါင်း အသိပညာပေးဟောပြောစဉ်။ (ကဆ)

## ကလေးသူငယ်အခွင့်အရေးများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးက ကလေးသူငယ်ဆိုင်ရာ ဥပဒေ (၂၀၁၉)၊ပုဒ်မ၅(က)အရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အရ ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်သဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြောကြားသည်။ထို့နောက် ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဦးက ကလေးသူငယ်အခွင့်အရေးများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီမှ အဖွဲ့ဝင်များ တစ်ဦးချင်း တင်ပြဆွေးနွေးမှုအပေါ် ဥက္ကဋ္ဌဦးထင်ဇော်ဦးက လိုအပ်သည်များ ပြန်လည်ဆွေးနွေးပေးသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုသန်း၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အလင်းသစ်(ချမ်း/စည်ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ



## မကွေးမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ မီးလန့်မှု၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင် ၂၀ အား မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ကြသည်။ **(အပေါ်ယာပုံ)**



အဆိုပါ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးသူဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင် ၂၀ အား မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်(FSC) အမြန်ဆုံးရရှိရေး ဆောင်ရွက်ထားရန်၊ အကြံပြုချက်ရယူထားရှိပြီးသော စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်(FSC) အမြန်ဆုံးရယူဆောင်ရွက်ရန်၊ မီးဘေးလုံခြုံရေးတပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အဆင်သင့်ဖြစ်စေရေး စီမံဆောင်ရွက်ထားရန်၊ ရေရှိရေး စီမံဆောင်ရွက်ထားရန်တို့ကို အကြံပြုဆွေးနွေးခဲ့ပြီး စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ လက်တွေ့ကိုင်တွယ်အသုံးပြုတတ်စေရေးအတွက် ဇာတ်တိုက်လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မီးငြိမ်းသတ်ရေးပစ္စည်းများအား စစ်ဆေးခဲ့ကြသည်။

ထို့နောက် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများကို အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## တရားမဝင်သစ်မျိုးစုံ၊ လိုင်စင်မဲ့ ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် မြဝတီမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အာရှလမ်းအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၄ ဒသမ ၇၃၀ တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ်နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် မြစ်ငယ်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပလိပ်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၂ စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ

# ဆေးဘက်ဆိုင်ရာ လျှပ်စစ်နည်းပညာသစ်ကုထုံးများ




၂၀၂၀ပြည့်လွန်နှစ်များဖြစ်သည့်ဆယ်စုနှစ်သည် ဆေးပညာနယ်ပယ်အတွက် ပြောင်းလဲတိုးတက်မှုများစွာကို အံ့သြဖွယ်ရာ ဖော်ဆောင်လျက်ရှိသော နှစ်များဖြစ်သည်ဟုဆိုပါက ငြင်းနိုင်ကြမည်မဟုတ်ပါ။ AI နည်းပညာနှင့် လျှပ်စစ်အီလက်ထရွန်းနစ်နည်းပညာများ တိုးတက်ထွန်းကားလာခြင်း၏ ကောင်းကျိုးများဖြစ်သည်ဟုဆိုပါကလည်း အမှန်တရားတစ်ခုဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ တိုးတက်လာသောနည်းပညာများကို အဖျက်လုပ်ငန်းများတွင်အသုံးပြုမည့် အစားဆေးပညာနယ်ပယ်တွင် အသုံးချနိုင်ရန် တီထွင်ကြိုးပမ်းလာကြခြင်းသည် ဤကမ္ဘာမြေနှင့် ကမ္ဘာသူ၊ ကမ္ဘာသားတို့အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းများပင် ဖြစ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံမှပညာရှင်များသည် လမ်းမလျှောက်နိုင်တော့သည့် ဝေဒနာရှင်များအတွက် 'အံ့ဖွယ်' နည်းပညာသစ်တစ်ခုကို တီထွင်ဖန်တီးနိုင်ခဲ့ပြီး လူသားတို့၏ကျောရိုးမကြီးအတွင်း ဒဏ်ရာများကို ပြုပြင်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ လေဖြတ်နေသည့် ဝေဒနာရှင်များသည် ယခုဆိုလျှင် သူတို့၏ခြေထောက်များကို ပြန်လည်လှုပ်ရှားနိုင်ပြီး ကိုယ်တိုင်လမ်းပြန်လျှောက်နိုင်သည့် 'ဇီဝကမ္မဆိုင်ရာ အံ့ဖွယ်' (Biological Miracle) တစ်ခုဖြစ်ပေါ်လာခဲ့ပြီဖြစ်ပါသည်။

ဦးနှောက်နှင့် ခြေထောက်ကို ' Bluetooth 'ကဲ့သို့ ချိတ်ဆက်ပေးခြင်းဖြင့် လမ်းလျှောက်နိုင်စေခြင်းမျိုး ဖြစ်ပါသည်။ သိပ္ပံပညာရှင်များသည် လူနာ၏ခန္ဓာကိုယ်ထဲ၌ အီလက်ထရောနစ်စက်ပစ္စည်း(Implants)နှစ်ခုကို ထည့်သွင်းပေးခြင်းဖြစ်ပါသည်။ ပထမတစ်ခုကို ဦးနှောက်၏လှုပ်ရှားမှု ထိန်းချုပ်သည့်နေရာ (Motor Cortex)တွင် တပ်ဆင်ပြီး လူနာဘယ်လိုလှုပ်ရှားချင်သလဲဆိုသည့် 'အမိန့်'ကို ဖတ်ယူပါသည်။ ဒုတိယတစ်ခုကို ကျောရိုးမကြီး၏ ဒဏ်ရာရသည့်နေရာအောက် (Spinal Cord) တွင် တပ်ဆင်ပြီး ခြေထောက်ကြွက်သားများကို လှုံ့ဆော်ပေးပါသည်။

ပျက်စီးနေသည့် အာရုံကြောလမ်းကြောင်းများကို အသုံးမပြုတော့ဘဲ Wireless စနစ်ဖြင့် ဦးနှောက်က အမိန့်ကို ခြေထောက်ဆီ တိုက်ရိုက်ပေးပို့လိုက်ခြင်း ဖြစ်ပါသည်။ ၎င်းသည် ပြိုကျနေသည့် တံတားကိုမပြင်တော့ဘဲ ဘေးကနေ 'အမြန်လမ်းသစ်'ဖောက်ပေးလိုက်သကဲ့သို့ ဖြစ်ပါသည်။ စက်ကို စတင် အသက်သွင်းပြီး ၄၈ နာရီအတွင်း၌ပင် ဝေဒနာရှင် ၇၈ ရာခိုင်နှုန်းသည် ခြေထောက်ကို မိမိအလိုရှိသလို စတင် လှုပ်ရှားနိုင်ခဲ့ကြပါသည်။ ခြောက်လကြာလေ့ကျင့်ပြီးနောက်တွင် လမ်းလျှောက်နှုန်းသည် တစ်စက္ကန့်လျှင် ၁ ဒသမ ၂ မီတာအထိ မြန်ဆန်လာခဲ့ပြီး၊ ဟန်ချက်ညီမှု (Balance) မှာလည်း ၉၁ ရာခိုင်နှုန်းအထိ တိကျမှုရှိလာခဲ့ပါသည်။ ဦးနှောက်မှ 'လမ်းလျှောက်မယ်'ဟု ကြံစည်လိုက်သည်နှင့် ၀ ဒသမ ၀၀၈ စက္ကန့် (မျက်တောင်တစ်ခတ်ထက် မြန်တဲ့အချိန်)အတွင်းတွင် ခြေထောက်ကလှုပ်ရှားမှုကို စတင်ဖြစ်ပေါ်လာစေပါသည်။ အဆိုပါနည်းပညာကို ' Brain-Spine Interface (BSI) 'ဟု ခေါ်ပါ သည်။

လက်တွေ့အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း၌ ဆွစ်ဇာလန်နိုင်ငံက သိပ္ပံပညာရှင်များသည် (၁၂)နှစ်ကြာ လေဖြတ်နေသည့် Gert-Jan Oskam (ခေါ်) အမျိုးသားတစ်ဦးကို အဆိုပါနည်းပညာဖြင့် လမ်းပြန်လျှောက်နိုင်အောင် လုပ်ပေးနိုင်ခဲ့ကြပါသည်။ ဦးနှောက်ထဲမှ အချက်ပြချက်ကို Wireless ဖြင့် ကျောရိုးဆီ ပို့ပေးခြင်းမျိုးသည် တကယ်ဖြစ်နိုင်ကြောင်း သက်သေပြနိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါသက်သေပြချက်သည် ဘီးချဲလ်(Wheelchair)ပေါ်၌ ဆယ်စုနှစ်ချီ ထိုင်ခဲ့ရသူများအတွက် ကိုယ့်ခြေထောက်ပေါ်ကိုယ် ပြန်မတ်တပ်ရပ်နိုင်စေမည့် ဖြစ်ရပ်မှန်တစ်ခု ဖြစ်လာခဲ့ပါသည်။

အလားတူ အမေရိကန်နိုင်ငံမှ ပညာရှင်များသည် စွဲလမ်းမှုဝေဒနာကို အမြစ်ပြတ်ကုသပေးနိုင်မည့် ဦးနှောက်တွင်း 'Pacemaker' နည်းပညာသစ်တစ်မျိုးကို မိတ်ဆက်လာခဲ့သည်။ မူးယစ်ဆေး(သို့မဟုတ်)ပြင်းထန်သည့် စွဲလမ်းမှုများကြောင့် ဘဝပျက်မလိုဖြစ်နေရသည့်သူများအတွက် အလွန်အားတက်စရာသတင်းကောင်းတစ်ခု ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ စမ်းသပ်မှုအရ ဦးနှောက်ထဲမှ 'စွဲလမ်းမှုကို ဖြစ်စေသည့်လှိုင်းများ'ကို ထောက်လှမ်းပြီး ချက်ချင်းတုံ့ပြန်ဖျက်ဆီးပေးနိုင်သည့် ကိရိယာလေးတစ်ခုကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

Nucleus Accumbens: စွဲလမ်းမှုကို အဓိကထိန်းချုပ်သည့် ဦးနှောက်၏ အစိတ်အပိုင်း၌ 'Craving Patterns' (ဆေးသုံးချင်သည့် စိတ်ဆန္ဒ) ပေါ်လာသည်နှင့် စက်ကသိရှိခြင်းမျိုးဖြစ်ပါသည်။ Counter-Pulse: ဆန္ဒပေါ်လာသည်နှင့်တပြိုက်နက် စက်လေးက ဆန့်ကျင်ဘက် လျှပ်စစ်လှိုင်းလေးတစ်ခုကို ထုတ်လွှတ်ပေးပြီး စွဲလမ်းမှုကို ပျောက်ပျက်သွားစေပါသည်။ Dopamine Balance: ဦးနှောက်ထဲမှ ဒိုပါမင်း(Dopamine)ပမာဏကို အမြဲမျှတနေအောင် ထိန်းညှိပေးသဖြင့် ဆေးမသုံးရလျှင် မနေနိုင်သည့်ဝေဒနာကို လုံးဝမခံစားရစေခြင်း ဖြစ်ပါသည်။ ပြင်းထန်သည့် ဘိန်းဖြူ (Opioid) စွဲလမ်းသူများကို စမ်းသပ်ခဲ့ရာတွင် နှစ်နှစ်ကြာသည်အထိ ၁၀၀ ရာခိုင်နှုန်း လုံးဝဆေးပြန်မသုံးဘဲ ဘဝသစ်ကို အောင်မြင်စွာပြန်လည် စတင်နိုင်ခဲ့ကြပါသည်။

Real-time Monitoring: စွဲလမ်းမှုကို ဖြစ်စေသည့် ဦးနှောက်လှိုင်းများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းခြင်း။ Electrical Neutralization: စွဲလမ်းစိတ် ဖြစ်ပေါ်လာသည်နှင့် ဆန့်ကျင်ဘက် လျှပ်စစ်လှိုင်းဖြင့် ထိန်းညှိပေးခြင်း။ Clinical Success: စမ်းသပ်မှုတွင်ပါဝင်သူ ၁၀၀ ရာခိုင်နှုန်းတွင် နှစ်နှစ်အတွင်း ဆေးပြန်သုံးခြင်း (Relapse) လုံးဝမရှိဘဲ တည်ငြိမ်သောဘဝကို ပိုင်ဆိုင်နိုင်ခြင်း စသည့် ရလဒ်ကောင်းများ ရရှိခဲ့သဖြင့် အဆိုပါ 'Closed-Loop System'သည် နှလုံးခုန်စက် (Pacemaker) တစ်ခုကဲ့သို့ ဦးနှောက်၏ လုပ်ဆောင်ချက်ကို ပုံမှန်အတိုင်းပြန်ဖြစ်အောင် ကူညီပေးခြင်းဖြစ်၍ ဆေးစွဲနေသူများအတွက် ကြီးမားသည့်အလှည့်အပြောင်းတစ်ခု ဖြစ်လာစေမည် ဖြစ်ပါသည်။

ထို့ကြောင့် စွဲလမ်းမှုကို 'ကုသလို့ရသည့် ရောဂါတစ်ခု'အဖြစ် ပြောင်းလဲပေးလိုက်နိုင်သည့် ဆေးပညာ၏အောင်ပွဲတစ်ခု ဖြစ်ပါသည်။ အလားတူပင်အမေရိကန်ပညာရှင်တစ်စုသည် လက်တုမှ အထိအတွေ့အာရုံကို တကယ်ခံစားလို့ရသည့် နည်းပညာသစ်တစ်ခုကို တီထွင်နိုင်ခဲ့ကြသည်။ Elite Clinics ၏နောက်ဆုံးပေါ် နည်းပညာသည် ဖြတ်တောက်ထားရသည့် ကိုယ်လက်အင်္ဂါများနေရာတွင် အစားထိုးသည့် လက်တုများသည် ယခင်ကကဲ့သို့ သက်မဲ့ကိရိယာများမဟုတ်တော့ဘဲ 'အထိအတွေ့'ကို ပြန်လည်ခံစားနိုင်တော့မည်ဖြစ်သည်။

အဆိုပါ Artificial Skin ၌ 'Neuromorphic Tactile Fibers' များကို အသုံးပြုထားပြီး အပူအအေးနှင့် ဖိအားများကို ဦးနှောက်မှ နားလည်နိုင်သည့် လျှပ်စစ်လှိုင်းများအဖြစ် ပြောင်းလဲပေးပါသည်။ စမ်းသပ်မှုအရ အသုံးပြုသူ ၁၀၀ ရာခိုင်နှုန်းသည် ကော်ဖီပူပူနှင့် ရေအေးအေးကို ချက်ချင်းခွဲခြားနိုင်ခဲ့ကြပါသည်။

အဆိုပါနည်းပညာသည် စက်ရုပ်နည်းပညာနှင့် လူသားတို့၏ အာရုံကြောစနစ်ကို တစ်သားတည်းဖြစ်အောင် ပေါင်းစပ်ပေးလိုက်သည့် တကယ့် 'Bio-Engineering'တော်လှန်ရေးဖြစ်ပါသည်။ စက်ရုပ်လက်၏ပျော့ပျောင်းသည့်အသားအရေသည် အာရုံခံ Sensor ပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး အာရုံကြောစနစ်နှင့် တိုက်ရိုက်ချိတ်ဆက်ပေးထားပါသည်။ အဓိက နည်းပညာသည် ဦးနှောက်၏ အလုပ်လုပ်ပုံကို တုပထားသည့် 'Neuromorphic' စနစ်ပင် ဖြစ်ပါသည်။

အဆိုပါနည်းပညာကြောင့် အသုံးပြုသူများသည် မိမိ၏ခြေတု၊ လက်တုကို မိမိ၏ကိုယ်ပိုင်အစိတ်အပိုင်းတစ်ခုကဲ့သို့ ပြန်လည်ခံစားလာရစေပြီး နေ့စဉ်ဘဝမှာ ပိုမိုအဆင်ပြေလာစေမည်ဖြစ်ပါသည်။ သက်မဲ့စက်ရုပ်လက်တုများမှ လူသားနှင့် တစ်သားတည်းကျသည့် အစိတ်အပိုင်းများအဖြစ် ပြောင်းလဲလာသည့် နည်းပညာသစ်တစ်ခုပဲ ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် တင်ပြပေးလိုသည့်နည်းပညာသစ်တစ်မျိုးမှာ အမေရိကန်သိပ္ပံပညာရှင်များသည် ဆေးဝါးသောက်သုံးစရာမလိုဘဲ ပြင်းထန်သည့်စိတ်ကျရောဂါကိုကုသနိုင်မည့် အာထရာဆောင်း (Ultrasound) ခေါင်းဆောင်းတစ်ခုကို တီထွင်လိုက်ခြင်းပင်ဖြစ်ပါသည်။ အဆိုပါနည်းပညာသည် စိတ်ကျန်းမာရေးကုသမှုလောက၌ အလွန်ကြီးမားသည့် အောင်မြင်မှုတစ်ခုဖြစ်လာပြီး အောက်ပါအတိုင်း အကျိုးသက်ရောက်မှုများ ရှိလာခဲ့ပါသည်။

**၁။ ကုသပုံနည်းစနစ်**

အဆိုပါခေါင်းဆောင်းသည် ခွဲစိတ်စရာမလိုသလို ဆေးသောက်စရာလည်း မလိုပါ။ ခန္ဓာကိုယ်ကို ဘေးဥပဒ်မပေးနိုင်သည့် ပြင်းအားနိမ့် အာထရာဆောင်းလှိုင်းများကို အသုံးပြုပြီး ဦးနှောက်၏နက်ရှိုင်းသည့်အပိုင်းမှာရှိသည့် စိတ်ခံစားမှုကို ထိန်းချုပ်သည့် အာရုံကြောပတ်လမ်းများကို တိုက်ရိုက်လှုံ့ဆော်ပေးခြင်းမျိုးသာ ဖြစ်ပါသည်။

**၂။ ရရှိလာမည့်အကျိုးကျေးဇူးများ**

(က) မြန်ဆန်သော ရလဒ်ဆေးမတိုးတော့သည့် ပြင်းထန်စိတ်ကျရောဂါလူနာများသည်ပင် ရက်သတ္တပတ်အနည်းငယ်အတွင်း၌ စိတ်ခံစားမှုကောင်းမွန်လာခြင်း၊ အိပ်ပျော်ခြင်းနှင့် ဉာဏ်ရည်ကြည်လင်လာခြင်း စသည့် ထူးခြားသောပြောင်းလဲမှုများကို ရရှိလာပါသည်။

(ခ) ဘေးထွက်ဆိုးကျိုးနည်းပါးခြင်း

သာမန်စိတ်ကျရောဂါကုဆေးများကဲ့သို့မဟုတ်ဘဲ ဘေးထွက်ဆိုးကျိုးအလွန်နည်းပါးပါသည်။

(ဂ) AI နည်းပညာသုံးခြင်း

AI စနစ်သည် လူနာတစ်ဦးချင်းစီ၏ ဦးနှောက်တုံ့ပြန်မှုအပေါ်မူတည်ပြီး လှုံ့ဆော်မှုပုံစံကို တိတိကျကျဖြင့် ဘေးကင်းအောင် ညှိပေးနိုင်ပါသည်။

**၃။ အနာဂတ်မျှော်လင့်ချက်**

အဆိုပါနည်းပညာသည် ဦးခေါင်းခွံကို မထိခိုက်စေဘဲ ဦးနှောက်၏အနက်ရှိုင်းဆုံးနေရာများအထိ ရောက်ရှိနိုင်ခြင်းကြောင့် ယခင်က ခွဲစိတ်မှသာ ကုသနိုင်သည့်နေရာများကို အလွယ်တကူ ကုသနိုင်လာပါသည်။ စိတ်ကျရောဂါအပြင် စိုးရိမ်ပူပန်မှုလွန်ကဲခြင်း (Anxiety)၊ စိတ်ဒဏ်ရာကြောင့်ဖြစ်သော ဝေဒနာ(PTSD) နှင့် နာတာရှည်နာကျင်ကိုက်ခဲမှုရောဂါများအတွက်ပါ စမ်းသပ်စစ်ဆေးနေပြီလည်း ဖြစ်ပါသည်။

**၄။ စိတ်ဝင်စားစရာအချက်**

အဆိုပါနည်းပညာသည် တစ်သက်လုံး ဆေးစွဲသောက်နေရမည့်ဘဝမှ လွတ်မြောက်စေမည့် 'ဆေးဝါးမဲ့အနာဂတ်'ကို လမ်းခင်းပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဆေးပညာနယ်ပယ်သည် လျှပ်စစ်အီလက်ထရွန်းနစ်နည်းပညာ AI (ခေါ်) ဉာဏ်ရည်တုနည်းပညာနှင့် စက်ရုပ်နည်းပညာတို့၏ ပေါင်းစည်းမှုလက္ခဏာအနေဖြင့် မကြုံစဖူးလောက်အောင်ပင် တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်ရာ လူသားတို့၏ကျန်းမာရေးအတွက် ကုထုံးသစ်များစွာကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိနေပြီဖြစ်ပါ၍ လူသားတို့အနေဖြင့် ကျန်းမာရေးအတွက်များစွာအထောက်အကူဖြစ်လာစေတော့မည်ဖြစ်ပါကြောင်း ဗဟုသုတရရှိနိုင်ကြစေရန်အလို့ငှာ စုစည်းတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

မောင်မောင်စွယ်စုံထွန်း




## ရူဘင်လော့ဖ်တပ်စ် မေးရိုးအက်ဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူရဖွယ်ရှိ

**မီလန် ဖေဖော်ဝါရီ ၂၄**

အေစီမီလန်အသင်း ကွင်းလယ်ကစားသမား ရူဘင်လော့ဖ်တပ်စ် မေးရိုးအက်ဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အေစီမီလန်အသင်းက ပါးမားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ရူဘင်လော့ဖ်တပ်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အေစီမီလန်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရူဘင်လော့ဖ်တပ်စ်သည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ ပွဲကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ)(NGB)**



## 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ မတ် ၁ ရက်တွင် စတင်မည်



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော နာမည်ကျော်တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ လာမည့် မတ် ၁ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲကို မတ် ၁ရက်မှ ၁၆ရက်အထိ ၁၆ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

BNP Paribas Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Jack Draper နှင့် ရုရှားတင်းနစ်မယ် Mirra Andreeva တို့ ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## နည်းပြ ကွန်ဘွာရေးအား နည်းပြသစ်အဖြစ် ပါရီအသင်းခန့်အပ်

**ပါရီ ဖေဖော်ဝါရီ ၂၄**

ပြင်သစ်လီဂူးကလပ် ပါရီအသင်းသည် အသင်းနည်းပြ စတီဖန်ဂျီလီအား နည်းပြရာထူးမှ ထုတ်ပယ်ပြီးနောက် နည်းပြ ကွန်ဘွာရေးအား နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် လန်းစ်၊ ပီအက်စ်ဂျီ၊ နန့်တက်စ်၊ တူးလော့စ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ပါရီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၆၂)နှစ်အရွယ်ရှိ နည်းပြကွန်ဘွာရေးက "ကျွန်တော့်အခုလို ပါရီအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းကို ရလဒ်ကောင်းတွေ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## မန်စီးတီးနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ရိုဒရီအား ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က ခေါ်ယူရန် အပြိုင်စီစဉ်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၄**

စပိန်လာလီဂါထိပ်သီးကလပ်အသင်းများဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဝါရင့် ကွင်းလယ်ကစားသမား ရိုဒရီအား အပြိုင်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွယ်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၆ပွဲကစားပြီး ၂၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပိန်လာလီဂါ ထိပ်သီးကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရိုဒရီကိုယ်တိုင်ကလည်း စပိန်လာလီဂါသို့ သွားရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက မန်စီးတီးအသင်းကွင်းလယ်ကစားသမား ရိုဒရီအား ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**



## ရှက်ဖီးဝင့်နစဒေးအသင်း လိဂ်ဝမ်းပြိုင်ပွဲသို့ တန်းဆင်းခဲ့ရ



**လန်ဒန် ဖေဖော်ဝါရီ ၂၄**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ရှက်ဖီးဝင့်နစဒေးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲပြီးဆုံးရန် ၁၃ပွဲအလိုမှာပင် လိဂ်ဝမ်းပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီဖြစ်သည်။

ရှက်ဖီးဝင့်နစဒေးအသင်းသည် ၁၈မှတ်လျှော့ ပြစ်ဒဏ်ကြောင့် ရမှတ်အနုတ်ပြပြီး ကစားခဲ့ရကာ ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ၃၃ပွဲကစားအပြီးမှာပင် ရမှတ် ၇မှတ်အနုတ်ဖြစ်နေခြင်းကြောင့် လက်ကျန်ပွဲစဉ်အားလုံး အနိုင်ရရှိခဲ့မည်ဆိုပါကလည်း တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ခြင်းမရှိသောကြောင့် ယခုဖေဖော်ဝါရီလမှာပင် တန်းဆင်းခဲ့ရပြီဖြစ်သည်။


ထို့ပြင် ရှက်ဖီးဝင့်နစဒေးအသင်းသည် အင်္ဂလိပ်ဘောလုံးပြိုင်ပွဲအားလုံး သမိုင်းတစ်လျှောက်တွင်လည်း အစောဆုံးတန်းဆင်းခဲ့ရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ **(အပေါ်ပုံ)(NGB)**

## ဂျာကာဘီဂျိုးလ်အား ခေါ်ယူရန် လီဗာပူးအသင်း စိတ်ဝင်စား

**လီဗာပူး ဖေဖော်ဝါရီ ၂၄**

လီဗာပူးအသင်းသည် လိဒ်စ်အသင်း နောက်ခံကစားသမား ဂျာကာဘီဂျိုးလ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လိဒ်စ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ် ၁၄ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူး အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။




လိဒ်စ်အသင်းကလည်း ဂျာကာဘီဂျိုးလ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် လိဒ်စ်အသင်းထံမှ ဂျာကာဘီဂျိုးလ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၉) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၂-၂၀၂၆ ဗုဒ္ဓဟူးနေ့ | ညနေ ၃း၃၀နာရီ | (၅)မဟာ - ရန်ကုန်(၁) (W,W,D,D,D) (W,W,W,W,D) | မဟာ ၂-၂ ရန်ကုန် ရန်ကုန် ၁-၀ မဟာ |
| ၂၅-၂-၂၀၂၆ ဗုဒ္ဓဟူးနေ့ | ညနေ၄း၃၀နာရီ | (၆)ISPE - ရှမ်း(၂) (L,L,D,L,W) (L,L,W,W,D) | ISPE ၀-၅ ရှမ်း ရှမ်း ၃-၀ ISPE |

### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ဒု-အကျော့ ရှုံးထွက်ပြန်ကန်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-အကျော့တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၆-၂-၂၀၂၆ ကြာသပတေးနေ့ | နံနက်၀၀း၁၅နာရီ | အတ္တလန်တာ - ဒေါ့မွန် (အီတလီ-၇) (ဂျာမနီ-၂) | ဒေါ့မွန် ၂-၀ အတ္တလန်တာ |
| ၂၆-၂-၂၀၂၆ ကြာသပတေးနေ့ | နံနက်၀၂း၃၀နာရီ | ဂျူဗင်တပ် - ဂါလာတာစာရေး (အီတလီ-၅) (တူရကီ-၁) | ဂါလာတာစာရေး ၅-၂ ဂျူဗင်တပ် |
| ။ | ။ | ပီအက်စ်ဂျီ - မိုနာကို (ပြင်သစ်-၁) (ပြင်သစ်-၈) | မိုနာကို ၂-၃ ပီအက်စ်ဂျီ |
| ။ | ။ | ရီးရဲလ်မက်ဒရစ် - ဘင်ဖီကာ (စပိန်-၂) (ပေါ်တူဂီ-၃) | ဘင်ဖီကာ ၀-၁ ရီးရဲလ်မက်ဒရစ် |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၆-၂-၂၀၂၆ နံနက်၀၂း၁၅နာရီ | (၃)မီဝေါလ် - ဘာမင်ဂမ်(၇) (W,D,W,W,L) (W,W,D,L,W) | မီဝေါလ် ၁-၀ ဘာမင်ဂမ် ဘာမင်ဂမ် ၁-၁ မီဝေါလ် |
| ။ | (၁၈)နော့ဝှစ်ချ် - ရှက်ဖီးလ်(Wed)(၂၄) (L,W,W,W,L) (L,L,L,L,L) | နော့ဝှစ်ချ် ၂-၃ ရှက်ဖီးလ်(Wed) ရှက်ဖီးလ်(Wed) ၂-၀ နော့ဝှစ်ချ် |
| ။ | (၁၄)ရှက်ဖီးလ်(Utd) - ကိုဗင်ထရီ(၁) (D,W,L,W,W) (L,L,D,W,W) | ရှက်ဖီးလ်(Utd) ၃-၁ ကိုဗင်ထရီ ကိုဗင်ထရီ ၂-၂ ရှက်ဖီးလ်(Utd) |
| ၂၆-၂-၂၀၂၆ နံနက် ၀၂း၃၀နာရီ | (၁၆)စတုတ် - အောက်စ်ဖို့ဒ်(၂၃) (L,D,L,L,D) (L,D,L,L,D) | စတုတ် ၀-၀ အောက်စ်ဖို့ဒ် အောက်စ်ဖို့ဒ် ၁-၀ စတုတ် |



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ကျန်းမာရေးစောင့်ရှောက်နေမှုအား ကြည့်ရှုအားပေး

**မကွေး ဖေဖော်ဝါရီ ၂၄**

မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိစေရေးနှင့် စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ်လျှော့နည်းကျဆင်းစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အခမဲ့ဆေးကုသပေးခြင်းကို ဖွင့်လှစ်ဆောင်ရွက်ထားရှိရာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် အဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါကာ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား အခမဲ့ဆေးကုသပေးခြင်း၊ သွားတုအံကပ်တပ်ဆင်ရန် တိုင်းတာပေးနေမှုနှင့် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား တိုင်းပြည်သူ့ဆေးရုံကြီး အထူးကုဆရာဝန်ကြီးများမှ အခမဲ့ဆေးကုသဆောင်ရွက်ပေးနေမှု၊ သွားတုအံကပ်တပ်ဆင်ပေးရန် တိုင်းတာပေးနေမှု၊ အခမဲ့မျက်စိကုသဆောင်ရွက်ပေးနေမှုနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုများအား လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှု ခံယူနေသူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာန အသီးသီးနှင့်ပေါင်းစပ်ပြီး တိုင်းဒေသကြီးအတွင်း ပြည်သူလူထုတွေ အကျိုးရှိမယ့် လုပ်ငန်းတွေကို စဉ်ဆက်မပြတ်ထောင့်စေ့အောင် ကြိုးစားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားကာ မကွေးမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို အခမဲ့ဆေးဝါးကုသပေးနေမှုအား ကြည့်ရှုအားပေးသည်။

မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် (အငြိမ်းစား)များအား ဆေးကုသမှု ကုန်ကျစရိတ်သက်သာစေရန်နှင့် စနစ်တကျဆေးကုသမှု ခံယူနိုင်ရန်အတွက် အခမဲ့ဆေးကုသခြင်းအစီအစဉ်ကို လစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အခမဲ့ဆေးကုသမှုအဖြစ် သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် အထွေထွေရောဂါကုဆရာဝန်ကြီးများကဦးဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးမြို့၊ အမှတ်(၁)နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (Grade- 5) နှင့် (Grade- 9) နှစ်ဆုံးစာမေးပွဲ သက်ဆိုင်ရာစာစစ်ဌာနကျောင်းများအလိုက် ဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## လူထုအခြေပြုဗဟိုဌာန၌ နွေရာသီ အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာ Grammar သင်တန်းများ ဖွင့်လှစ်မည်

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၄**

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ကလေးငယ်များ အသိပညာဗဟုသုတများတိုးပွားပြီး ကာယဉာဏဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့်ပန်းချီပညာရှင်များပူးပေါင်း၍ နွေရာသီ အခြေခံပန်းချီနှင့် အင်္ဂလိပ်စာ Grammar သင်တန်း(အခမဲ့)များကို လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကန့်ဘလူမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာကြီးများနှင့်ချိတ်ဆက်၍လည်းကောင်း၊ ပန်းချီပညာရှင်များ၊ အင်္ဂလိပ်စာဆရာများနှင့်ချိတ်ဆက်၍လည်းကောင်း စိတ်ပါဝင်စားသော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ အခြေခံပန်းချီ၊ အင်္ဂလိပ်စာ သင်တန်းများတက်ရောက်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကန့်ဘလူခရိုင်ရုံးတွင်(အလယ်တန်းဆင့် ကျောင်းသားများ) စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

၀-၀-၀-၀-၀-၀-၀

## စားသုံးသူရေးရာအသိပညာပေး Talk Show ဆောင်ရွက်




**သရက် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃ ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီထွေးတို့က စီးပွားရေးလုပ်ငန်းရှင်ဆိုတာ ဘယ်လိုအဓိပ္ပာယ်သက်ရောက်ပါသလဲ၊ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ကုန်စည်တစ်ခုခုကို ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ဖြူးတော့မယ်ဆိုရင် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုမရှိဘဲ ဖြန့်ဖြူးရောင်းချခွင့် ရှိပါသလား၊ စီးပွားရေးလုပ်ငန်းရှင် မည်သူမဆို ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုမရှိတဲ့ ကုန်စည်(သို့မဟုတ်) ရောင်းချခြင်းပြုလျှင် ပြစ်မှုပြစ်ဒဏ်များအကြောင်း စုံလင်စွာဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်းမြင့်ကျေးရွာအုပ်စု၊ သမော်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆီထွက်သီးနှံ ဝင်ငွေတိုးစိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သမော်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မြေပဲ၊ နေကြာ ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ဒုတိယဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

(၄၄၅)

၀-၀-၀-၀-၀

## ရွှေမင်းဝံဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ လုံခြုံမှုရှိစေပြီး မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုးများလျော့နည်းကျဆင်းစေရန်အတွက် မီးသတ်ဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေး၊ အကြံပေး၊ နွေမှာအသင့်ရှိရေးနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲပိုင်းက စစ်ကိုင်းမြို့၊ ရွှေမင်းဝံဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ဟန်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုမဖြစ်ပေါ်စေရေး၊ မီးလောင်မှုဖြစ်ပွားပါက မြန်မြန်သိ၍ မြန်မြန်ငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်ရေးစနစ်များ ထပ်မံဖြည့်တင်းတပ်ဆင်နိုင်ရေး၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရေး၊ ဝင်လမ်း၊ ထွက်လမ်းများ ကောင်းမွန်စေရေး၊ မီးငြိမ်းသတ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြသခဲ့ပြီး ဈေးသူ၊ ဈေးသားများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။

## မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းက နှမ ကင်မ်ယိုဂျုံကို အာဏာရပါတီ၌ ရာထူးတိုးမြှင့်ပေး



**ပြုံယမ်း ဖေဖော်ဝါရီ ၂၄**

မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းသည် လာမည့် ငါးနှစ်တာအတွက် နိုင်ငံ၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည့် ပါတီညီလာခံတွင် ၎င်း၏ညီမအကြီးမားသော နှမဖြစ်သူကို အာဏာရပါတီ၏ အဆောက်အအုံအတွင်း ရာထူးတိုးမြှင့်ပေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခင်က ဌာနခွဲညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည့် မြောက်ကိုရီးယားခေါင်းဆောင်၏ နှမ ကင်မ်ယိုဂျုံကို အာဏာရ အလုပ်သမားပါတီ ဗဟိုကော်မတီက ဌာနကြီးမှူးအဖြစ် ခန့်အပ်လိုက်ကြောင်း ပြုံယမ်းအစိုးရပိုင် ကိုရီးယားဗဟိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကင်မ်ယိုဂျုံသည် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး သို့မဟုတ် ပြည်ပမဟာဗျူဟာများကို ကြီးကြပ်ရသည့် ဝါဒဖြန့်ချိရေးဌာနကို ဦးဆောင်ရန် တာဝန်ပေးအပ်ခံရဖွယ်ရှိသည်ဟု တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနကလည်း ဖော်ပြသည်။

သံတမန်ရေးရာမှသည် စစ်ရေးစီမံကိန်းများအထိ နိုင်ငံတော်၏ လုပ်ငန်းစဉ်အားလုံးကို လမ်းညွှန်မှုပေးသည့် ငါးနှစ်တစ်ကြိမ် ကျင်းပသော အလုပ်သမားပါတီ ထိပ်သီးညီလာခံသို့ တက်ရောက်ရန် ပါတီထိပ်သီးခေါင်းဆောင် ထောင်ပေါင်းများစွာ ပြုံယမ်းမြို့တော်သို့ စုရုံးရောက်ရှိနေကြကြောင်း သိရသည်။ **Mon**



## ပီရူးနိုင်ငံတောင်ပိုင်း အီကာနှင့် အရီကွီးပါဒေသများတွင် မိုးသည်းထန်ရေကြီး၊ လူနေအိမ် ၅၅၀၀ ခန့် ပျက်စီးခဲ့ရ

**လီမာ ဖေဖော်ဝါရီ ၂၄**

ပီရူးနိုင်ငံတောင်ပိုင်း အီကာနှင့် အရီကွီးပါဒေသများတွင် ယခင်အပတ်က မိုးသည်းထန်ရေကြီးခဲ့ရာ လူနေအိမ်ပေါင်း ၅၅၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ပြီး လူပေါင်းများစွာ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရသည်ဟု အာဏာပိုင်များက အတည်ပြုပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ရေဘေးကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများကို နေရာချထားပေးရန် ခိုလှုံရေးစခန်းအများအပြားကို ဖွင့်လှစ်ပေးထားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ကြေညာခဲ့ပြီး အရီကွီးပါဒေသရှိ အာဏာပိုင်များကလည်း ၎င်းတို့ဒေသကို အရေးပေါ်အခြေအနေ ကြေညာပေးရန် ယာယီသမ္မတထံ တောင်းဆိုထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခရိုင်ပေါင်း ၇၀၀ ကျော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း ပီရူးနိုင်ငံဝန်ကြီးများကောင်စီက ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်သည်။

အရီကွီးပါဒေသရှိ ကိုင်မာမြို့တွင် ရုတ်တရက်ရေကြီးမှုများကြောင့် မြေသားများ ပျက်စီးကာ လမ်းမများ ပြိုကျပျက်စီးခဲ့ပြီးနောက် မြေစာများအောက်တွင် တစ်ပိုင်းတစ်စ နစ်မြုပ်နေသော မော်တော်ယာဉ်တစ်စီးနှင့် ပြိုကျလုနီးပါးဖြစ်နေသော နေအိမ်များကို တွေ့ရှိရကြောင်း သိရသည်။ **Mon**

## ဝါရှင်တန်ရုံးချုပ်က ထရမ့်၏ ကုန်သွယ်မှုဝါဒများကို ပယ်ချပြီးနောက် ကမ္ဘာ့ရှယ်ယာဈေးကွက်များ ကွဲပြားနေပြီး ဒေါ်လာဈေးကျဆင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်တရားရုံးချုပ်က သမ္မတ၏ ကုန်သွယ်ရေးမူဝါဒအတော်များများကို ပယ်ချလိုက်ပြီးနောက် ဒေါ်နယ်လ်ထရမ့်၏ အခွန်စည်းကြပ်မှုများအပေါ် မရေရာမှုများကြောင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကမ္ဘာ့ရှယ်ယာဈေးကွက်များ ကွဲပြားနေပြီး ဒေါ်လာဈေးမှာ အနည်းငယ်ကျဆင်းသွားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

တစ်ချိန်တည်းတွင် အမေရိကန်က အီရန်ကို တိုက်ခိုက်နိုင်ခြေရှိသည်ဟူသော စိုးရိမ်ပူပန်မှုများကြောင့် ရွှေနှင့်ရေနံဈေးနှုန်းများ မြင့်တက်လာသည်။

နိုင်ငံအသီးသီးအပေါ် ရုတ်တရက် အခွန်စည်းကြပ်ရန်အတွက် သမ္မတထရမ့် အမှီပြုခဲ့သည့် ၁၉၇၇ ခုနှစ်ဥပဒေအရ အခွန်တိုးမြှင့်ကောက်ခံရန် ၎င်းတွင် လုပ်ပိုင်ခွင့်မရှိကြောင်း အမေရိကန်တရားရုံးချုပ်က ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။ **Mon**





## တောင်ကိုရီးယားဗဟိုဘဏ်အတိုးနှုန်း ၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ၂၀၂၆ ခုနှစ်အထိ ပြောင်းလဲခြင်းမရှိဘဲ ဆက်လက်ထားရှိမည်

**ဆိုးလ် ဖေဖော်ဝါရီ ၂၄**

တောင်ကိုရီးယားဗဟိုဘဏ်သည် မတည်ငြိမ်သော ငွေလဲလှယ်နှုန်းနှင့် အလွန်အမင်း အရှိန်မြင့်တက်နေသော အိမ်ခြံမြေဈေးကွက်ကို ထိန်းညှိရန် ကြိုးပမ်းနေရသဖြင့် ယခုအပတ် ပြုလုပ်မည့် အစည်းအဝေး၌ ၎င်း၏ အဓိက အတိုးနှုန်းကို ၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ၂၀၂၆ ခုနှစ်အထိ ပြောင်းလဲခြင်းမရှိဘဲ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုရီးယားဝမ်ငွေတန်ဖိုးသည် ဆက်လက်ဖိအားပေးခံနေရသဖြင့် အာဏာပိုင်များမှာ အထူးသတိထား စောင့်ကြည့်နေရပြီး ငွေလဲလှယ်နှုန်း အလွန်အမင်း မတည်ငြိမ်မှုကို ထိန်းချုပ်ရန်အတွက် ဗဟိုဘဏ်နှင့် အမျိုးသားပင်စင်ဝန်ဆောင်မှုဌာနတို့အကြား နိုင်ငံခြားငွေလဲလှယ်ရေးအသုံးပြုခြင်း အပါအဝင် လိုအပ်သော အစီအမံများကို လုပ်ဆောင်လျက်ရှိသည်။

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

လွန်ခဲ့သောမေလတွင် အတိုးနှုန်းလျှော့ချခဲ့ပြီးနောက်ပိုင်း ဝမ်ငွေတန်ဖိုးသည် ၅ ဒသမ ၂ ရာခိုင်နှုန်းအထိကျဆင်းသွားခဲ့ပြီး အမေရိကန်ဘဏ္ဍာရေးဌာန၏ စောင့်ကြည့်စစ်ဆေးမှုကိုလည်း ခံခဲ့ရသဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုဆိုင်ရာ စိုးရိမ်ရသည့် အခြေအနေများကြားတွင် အတိုးနှုန်းကို ထပ်မံလျှော့ချရန် ဗဟိုဘဏ်က ပိုမိုသတိထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## မက္ကဆီကိုမူးယစ်ရာဇာ အသတ်ခံရမှုဆိုင်ရာ ပဋိပက္ခများ နှိမ်နင်းရန် စစ်သည်အင်အား ၁၀၀၀၀ ကို အခင်းဖြစ်နေရာသို့ စေလွှတ်ထား

**မက္ကဆီကို ဖေဖော်ဝါရီ ၂၄**

မက္ကဆီကိုနိုင်ငံ၏ အလိုရှိဆုံး မူးယစ်ရာဇာ အသတ်ခံရမှုကြောင့် ဖြစ်ပွားခဲ့သော ဒါဇင်နှင့်ချီသည့် လူသေဆုံးမှုများပါဝင်သည့် ပဋိပက္ခများကို နှိမ်နင်းရန်အတွက် စစ်သည်အင်အား ၁၀၀၀၀ ကို အခင်းဖြစ်နေရာသို့ စေလွှတ်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဟာလစ္စကို မျိုးဆက်သစ်ဂိုဏ်း၏ ခေါင်းဆောင် နေမဲစီယိုအယ်လ်မန်ချိုအိုစီဂွဲရားသည် ဟာလစ္စကိုပြည်နယ် တာပလ်ပါမြို့တွင် တပ်မတော်နှင့် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုအတွင်း ယခင်အပတ်နှောင်းပိုင်းက ဒဏ်ရာရရှိခဲ့ပြီး မက္ကဆီကိုစီးတီးသို့ လေကြောင်းဖြင့် ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်ဟု အစိုးရက သတင်းထုတ်ပြန်သည်။

၎င်းသေဆုံးသည့် ထိုသတင်းကြောင့် အကြမ်းဖက်မှုများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ဂိုဏ်းဝင်များသည် ပြည်နယ်ပေါင်း ၂၀ တွင် လမ်းများကို ပိတ်ဆို့ခြင်း၊ မော်တော်ယာဉ်များနှင့် စီးပွားရေးလုပ်ငန်းများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြသည်။

အိုစီဂွဲရားကို ဖမ်းဆီးသည့် စီးနင်းမှုနှင့် နောက်ဆက်တွဲ ပဋိပက္ခများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၂၇ ဦး၊ ရာဇဝတ်ဂိုဏ်းဝင်ဟု သံသယရှိသူ ၄၆ ဦးနှင့် အရပ်သားတစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ **Mon**

## ဩစတြေးလျတွင် မိုးပျံတိုက်တစ်လုံး တည်ဆောက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကုမ္ပဏီ စီစဉ်နေ

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံတွင် မိုးပျံတိုက်တစ်လုံး တည်ဆောက်ရန် စီစဉ်နေပြီး ၎င်းအဆောက်အအုံသည် နိုင်ငံ၏ အမြင့်ဆုံး အဆောက်အအုံဖြစ်လာမည်ဟု သားဖြစ်သူ အဲရစ်ထရမ့်က ပြောကြားကြောင်း သိရသည်။

အဆိုပါမျှော်စင်ကို ကွင်းစလန်းပြည်နယ်ရှိ ဂိုးလ်ကို့စ်ကမ်းခြေတွင် တည်ဆောက်မည်ဖြစ်ပြီး အမြင့် ၃၃၅ မီတာ (၁၁၀၀ ပေ) ရှိမည်ဖြစ်သောကြောင့် လန်ဒန်မြို့ရှိ ရှာ့ဒ်အဆောက်အအုံထက်ပင် ပိုမိုမြင့်မားမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံရှိ ၎င်းတို့ကုမ္ပဏီ၏ ပထမဆုံးသော တရားဝင်စီမံကိန်းသည် ကမ္ဘာ့အဆင့်မီ ဇိမ်ခံအမှတ်တံဆိပ်တစ်ခု၏ ဂုဏ်သတင်းနှင့် ဆွဲဆောင်မှုများကို ဩစတြေးလျနိုင်ငံသို့ သယ်ဆောင်လာပေးမည်ဖြစ်သည်ဟု ထရမ့်အဖွဲ့အစည်း၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌ အဲရစ်ထရမ့်က ပြောကြားသည်။

ဒေါ်နယ်လ်ထရမ့်သည် သမ္မတတာဝန်ထမ်းဆောင်နေစဉ်အတွင်း စီးပွားရေးလုပ်ငန်းများအား စီမံခန့်ခွဲရာတွင် ပါဝင်ပတ်သက်မှုမရှိစေရဟု ၎င်း၏ဒုတိယသက်တမ်း မတိုင်မီ ကတိပြုထားခဲ့သည်။

သို့ရာတွင် ၎င်း၏ သမ္မတသြဇာကိုအသုံးပြု၍ ကုမ္ပဏီက မမျှတသောအကျိုးအမြတ်များ ရရှိနေသည်ဟူသော ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **Mon**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မန္တလေး

# စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ပန်းမြိုင်လယ်နယ်စပ် |
| စာရေးသူ | - သုမောင် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၇၅၀၀ ကျပ် |
| စာမျက်နှာ | - ၁၄၂ မျက်နှာ |
| မျက်နှာဖုံးဒီဇိုင်း | - ကာတွန်းမောင်မောင်အောင် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(တတိယအကြိမ်) |

၂၀၀၆ ခုနှစ်တွင် ထွက်ရှိခဲ့သော သုခုမစာပေတိုက်၏ ပထမအကြိမ်မူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေဖြန့်ချိသည်။ စာစု ၃၅ ပုဒ်ကို စုစည်းထားသည်။

စာအုပ်တွင် သနပ်ခါးနှင့် ကျွန်တော့်ချစ်သူများ၊ ပေတစ်ရာပေါ်ကမေကဗျာ၊ နောက်ဆုံးပေါ်တရားထိုင်နည်း၊ ရှက်စဖွယ်ဘယ့်နှယ်ကြောင့်လေလဲ၊ ကျွန်တော်၏ဘုရားရှိခိုးနည်း၊ ဥညသံကြားတရားနှင့်ယှဉ်၊ မေကံယုံ၊ ပညာပေးကြသည်ဆိုရာဝယ်၊ ဂါထာလက်ဆောင်၊ ကွမ်းနှင့်ရေကြည်၊ အဝေးထိန်းခလုတ်နှင့်၊ အောက်လမ်း၊ အိမ်ထောင်၊ ဒါနသေးသေးကလေးများ၊ စာအလှပြင်၊ အမေ့ကိုကန်တော့ပြီးပြီးလား၊ သားရီသမီးရီ့ဖတ်ကြစို့၊ ဘုစုနဲ့ခရု၊ သူညကနေပြန့်စရအောင်၊ အလောသုံးဆယ်၊ သကၠန်းကပ်ရအောင်၊ ဝစ္စပေါက်သံ၊ ပါးစပ်ကုသိုလ်၊ နားကုသိုလ်၊ မကောင်းပြောချင်ရင်တောင်၊ ယောဒီကစိတ်ရောဂါ နုနုလေး၊ နိမိတ်ပြယုတ္တိ၊ ကိုယ်ချင်းစာမုဒိတာနှင့် အင်္ဂုလိမာလ၊ ဖွယ်ဖွယ်ရာရာ၊ မပါရင်အော်စရာမလိုဘူး၊ ဣန္ဒြေနှင့်သရုပ်ပျက်၊ မင်္ဂလာ ၁၃ ပါး၊ သတ္တမအာရုံခံ၊ သူငယ်ချင်းယောက်မတို့လေတို့ဖြစ်သည်။ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




| | |
|---|---|
| စာအုပ်အမည် | - ကျွန်မအိပ်ရာတွင် လရိပ်ပြာလျှင် တစ်ညအိပ်ပါရှင် |
| စာရေးသူ | - နေမျိုး |
| ထုတ်ဝေသည့်စာပေတိုက် | - ကံ့ကော်ဝတ်ရည်စာပေ |
| တန်ဖိုး | - ၉၀၀၀ ကျပ် |
| စာမျက်နှာ | - ၁၅၂ မျက်နှာ |
| မျက်နှာဖုံးဒီဇိုင်း | - နေမျိုး |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ |

ပန်းချီဆရာ၊ စာရေးဆရာ နေမျိုး၏ မေတ္တာဘွဲ့လုံးချင်းဝတ္ထုရှည်စာအုပ်ဖြစ်သည်။ နေ့စဉ်ဘဝ၏ သာမန်ဖြစ်ရပ်လေးများကို ရသမြောက်အောင်ရေးဖွဲ့ထားပြီး ဇာတ်နာအောင်ဖန်တီးထားသည့် ဝတ္ထုမျိုးမဟုတ်ဘဲ အက်ဆေးဟန်အရေးအဖွဲ့ကို ဖတ်ရှုရမည်ဖြစ်သည်။




ဝတ္ထုထဲတွင် ကဗျာတိုလေးများကို အလျဉ်းသင့်သလို ထည့်သွင်းထားပြီး သုခမိန်လှိုင်၊ ငြိမ်းကျော်၊ မောင်ဝဏ္ဏတို့ စသည့် စာရေးဆရာတို့၏ စာပေအနုပညာအကြောင်းများကိုလည်း ထည့်သွင်းရေးဖွဲ့ထားသည်။

ဝတ္ထုထဲတွင်ပါဝင်သော ဇာတ်ကောင်များမှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စာနာနားလည်မှုကို သေသပ်လှပစွာ ရေးဖွဲ့ပုံဖော်ထားသော စာအုပ်ဖြစ်ပြီး စာဖတ်သူကို စိတ်၏အေးချမ်းမှုရရှိစေမည်ဖြစ်သည်။

မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## မန္တလေးချစ်စိတ် မန္တလေးပုံရိပ် စာပေအနုပညာမဂ္ဂဇင်းဖြန့်ချိ




မန္တလေးချစ်စိတ် မန္တလေးပုံရိပ်စာပေအနုပညာမဂ္ဂဇင်းအတွဲ (၂) အမှတ်(၅) ၁၁နှစ်မြောက် အထူးထုတ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မဂ္ဂဇင်း၏အထူးကဏ္ဍအဖြစ် ချမ်းမြစာပေဆု ပြိုင်ပွဲရှင်များ၏ ဆုရစာမူများ ဆန်ခါတင်စာမူများကို ဖော်ပြထားခြင်းဖြစ်သည်။ မဂ္ဂဇင်းဖွဲ့စည်းပုံ၊ စာဖောင်ဖွဲ့စည်းစနစ်၊ ချုပ်သားမှစ၍ သုတ၊ ရသ စာပေအနှစ်သာရ ပြောစရာမလိုအောင်ကောင်းမွန်သည့် မန္တလေးဂုဏ်ဆောင်မဂ္ဂဇင်းအဖြစ် ညွှန်းဆိုလိုသည်။

**'နွေလက်ညှိုးနဲ့**
**ထိုးလိုက်တိုင်းငြိ၊**
**ထိလိုက်တိုင်းကြွေ**
**ရော်ရွက်ရွှေတို့**
**မြေမှာဖြောဖြော၊**
**တသောသောလျှင်**
**တောမီးတစ္ဆေခြောက်လေပြီ'။**

ဟူသော နွေဖွဲ့ကဗျာလေးကလည်း ရင်ကိုလာငြိသည်။ မန္တလေးဖြစ် အမျိုးသားစိတ်ဓာတ်၊ ၁၉၈၀ ပြည့်နှစ် မန္တလေးမြန်မာ့လက်ဝှေ့စိန်ခေါ်ပွဲကြီး၊ ကျွန်တော်သိသော မန္တလေး စသည့် မန္တလေးနှောင်းပုံရိပ်အမှတ်တရ စာစုများကလည်း မှတ်သားစရာဖြစ်သည်။ ချမ်းမြစာပေဆုစာမူများကမူ အထူးလေ့လာမှတ်သားဖတ်ထားရမည့် ကဏ္ဍဖြစ်သည်။ အယ်ဒီတာချုပ် ဆရာမင်းဇော်လူက "မရှုံးတဲ့စာပေ၊ မမြတ်သောဈေးနှုန်း" ဖြင့် ဖြန့်ချိထားသည်ဟု ဆိုသည်။ စာအုပ် ဈေးနှုန်းမှာ ၁၂၀၀၀ ကျပ်ဖြင့် အများဖတ်နိုင်ရန် ဈေးလျှော့ထားသော်လည်း ဖတ်ရှုသူများအတွက်အရှုံးမရှိ အမြတ်ထွက်စေသော စာပေများကို ဖတ်ရှုရမည်ဖြစ်သည်ဟု ညွှန်းဆိုလိုက်ရပေသည်။

## တပေါင်းပွဲတော်တူနွှဲပျော်

* အင်ကြင်းပန်းနှင့် သရဖီ
တူညီပွင့်ကုန်ပြီ ။
တပေါင်းရာသီ ဘုရားပွဲ
ရောက်ချိန်နီးပြီပဲ ။
* အတူနွှဲလို့ သွားပျော်မည်
ရွှေစာရံပွဲဆီ ။
မုန့်သရီ(ရေ)စာ ထန်းပုတီး
ဝယ်မယ်အများကြီး ။ ။

စိမ်းလဲ့ဝါ(မန်းမြေ)

## ငါးသယံဇာတပူလုံစေရန် မုန်းချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိတ်ကောင်ရေ သုံးသိန်းမျိုးစိုက်ထည့်

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ပြည်သူများ ငါးစားသုံးမှုဖူလုံစေရန်နှင့် ငါးသယံဇာတများ ကြွယ်ဝစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့၊ သက်တော်ရှည်ရပ်ကွက်အနီး မုန်းချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိတ်ကောင်ရေ သုံးသိန်းမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါငါးမျိုးစိတ်စိုက်ထည့်ပွဲ အခမ်းအနားသို့ ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်စံပယ်လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးသားဖောက်စခန်းတာဝန်ခံ ဦးစိုးလှိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသည့် ဒေသခံပြည်သူများနှင့် ရေလုပ်သားများ တက်ရောက်ကြပြီး ငါးသယံဇာတဖူလုံစေရေးအတွက် မုန်းချောင်းသဘာဝရေပြင်အတွင်း နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း ငါးမျိုးစိတ်ကောင်ရေ သုံးသိန်းအား စုပေါင်းမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဒေသတွင်းရှိ ပြည်သူများ ငါးစားသုံးမှုဖူလုံစေရန်နှင့် ငါးသယံဇာတများ ပေါကြွယ်ဝစေရန်အတွက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် နှစ်စဉ် မြို့နယ်အတွင်းရှိ မြစ်ချောင်းနှင့် ဆည်တမံများ၊ စပါးစိုက်လယ်မြေများအတွင်း ငါးမျိုးစိတ်များ စိုက်ထည့်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့်အပြင် မြို့နယ်ငါးသားဖောက်စခန်းမှလည်း ဒေသခံရေလုပ်သားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း စသည့် ငါးမျိုးစိတ်များကို မွေးမြူထုတ်လုပ်ကာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် အခြေခံငါးမွေးမြူရေးဆိုင်ရာသင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)






သစ်တော
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၃)၊ ဦးပိုင်အမှတ်(၁၉၆-က)၊ ဧရိယာ(၀ ဒသမ ၀၄၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်ခိုင်ခိုင်လတ် အမည်ပေါက် ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်လတ်(အဘ)ဦးမောင်မောင်အုန်း(၁၂/ကမရ(နိုင်)၀၁၃၉၈၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဝင်းသန့် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**၃၅(အေ)လမ်း၊ ၆၉လမ်းနှင့် ၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၇၇၇၇၈၈၈၆၆၊ ၀၉–၆၆၉၉၉၃၇၈၆၊၀၉–၂၀၃၈၇၈၆၊ ၀၉–၇၇၅၅၆၆၇၈၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(စ-၆၁၃)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက၊ ဧရိယာ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်၏အရှေ့ဘက်ခြမ်း ပေ(၃၀×၄၀)အနက်မှ ခွဲခြမ်းစိတ်ပိုင်းထားသော အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အအုံ(ရေ+မီး)အစုံ ဝင်းခြံအကာအရံအပါအဝင် မြေပေါ်မြေအောက်ဆက်လက်နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်၊ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သောင်းသောင်းဦး(ဘ)ဦးခင်မောင်လေး(၉/မရမ(နိုင်)၀၆၁၉၆၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနိုင်လင်းထွန်း (LL.B) .တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဓ–၂/၄၀)၊ ၆၆–အေလမ်း၊ လမ်း ၄၀နှင့် ၄၀–ဘီလမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၈၁၀၇၅၊ ၀၉–၇၇၇၇၇၆၂၆၈**

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ သုခမင်္ဂလာ-၃၊ ကွင်းအမှတ်(၄၉၈-က/ကျိုကုန်း)၊ ဦးပိုင်အမှတ်(၃/၇၅)၊ အကျယ် ပေ (၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်မိုးမိုးအမည်ပေါက် ဂရန်မြေကွက်အနက်မှ အနောက်ဘက်ခြမ်း အကျယ် ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၊ ရေတိုင်၊ လျှပ်စစ်မီတာပါဝင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစိုးမြင့်(ဘ)ဦးညို(၁၃/ကတန(နိုင်)၀၄၇၀၀၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြင့်သူ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၃၀၁၁၁၆၈**

# အများသိစေရန် ကြေညာခြင်း

